မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်းကထူထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ရက်၊ ၂၀၁၀ ခုနှစ်၊ ဇွန် ၇ရက်၊ တနင်္လာနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၄၅)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို အဆင့်ဆင့်ဖော်ဆောင်နေခြင်းသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရေးအတွက် ရည်မှန်းကြိုးပမ်းနေခြင်းဖြစ်

ဆရာ ဆရာမများအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သိမြင်ခံယူပြီး ကျရာကဏ္ဍမှ ပါဝင်ကြိုးပမ်း

နေပြည်တော် ဇွန် ၆

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သည့် တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၄) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါသင်တန်းဆင်းပွဲအခမ်းအနားသို့ အမှတ်(၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးညီထွန်းနှင့် ဦးကျော်အောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများနှင့် ဌာနမှူးများ၊ ကထိကများနှင့် လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✳

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း စံပြအဆောင်ဆုရ သင်တန်းသူတပ်ခွဲ အမျိုးသမီး အမှတ်(၅)တပ်ခွဲ အဆောင်(၈)မှ သင်တန်းသူ ခေါင်းဆောင်တစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မတ်ပဲအထွက်တိုး၍ ဖွံ့ဖြိုးနေသည့် ပဲခူးတိုင်းမှ ကညင်ကျိုး

ပြည်ပဈေးကွက်ဝင် အောင်မြင်ဖြစ်ထွန်းနေသော မတ်ပဲစိုက်ခင်းများအား ကညင်ကျိုးဒေသ၌ တောင်သူများ ဤသို့ စုပေါင်းနုတ်သိမ်းကြသည်။

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း

သတင်းထောက် ➢ ပိန်းဇလုပ်သိန်းညွှန့်

စာမျက်နှာဖွဲ့စည်းမှု ➢ ယဉ်ယဉ်အေး(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၆

ပဲခူးတိုင်းသည် စိုက်ပျိုးရေးဖြစ်ထွန်းပြီး သီးနှံမျိုးစုံစိုက်ပျိုးနိုင်သဖြင့် အထွက်နှုန်းလည်း ကောင်းပေရာ မြန်မာနိုင်ငံအတွက် အဓိက စိုက်ပျိုးရေးနယ်မြေတစ်ခုအဖြစ် တည်ရှိနေလေသည်။

အထွက်တိုး

မိမိတို့သတင်းအဖွဲ့သည် မကြာမီရက်ပိုင်းအတွင်းက ပဲခူးတိုင်း ကညင်ကျိုးဒေသ မတ်ပဲအထွက်တိုး စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီရုံး၏ ရွှေစတုဂံ လေးမြို့နယ် ကျောက်တံခါး၊ ရွှေကျင်၊ ကျောက်ကြီး၊ ညောင်လေးပင်မြို့နယ်အတွင်းရှိ ကျေးရွာတောင်သူများထံသို့ သွားရောက်လေ့လာခွင့် ရရှိခဲ့သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ●

7-6 (01).pmd 1 6/7/2010, 2:09 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဇွန် ၇ ရက်)

နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ ဆက်လက်ထိန်းသိမ်းမြှင့်တင်

နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးတို့ကို တိုးမြှင့်ဖော်ဆောင်ပေးလျက်ရှိသည်။

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ လူ့စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းကို အကောင်အထည်ဖော်ရာ၌ အခြေခံကျသည့် ပညာရေးကဏ္ဍတွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းအနေဖြင့် မူလတန်းကျောင်း ၈၈၉ကျောင်း၊ အလယ်တန်းကျောင်း ၉၁ကျောင်း၊ အထက်တန်းကျောင်း ၉၄ကျောင်း ဆောက်လုပ်ဖွင့်လှစ်ပေးခဲ့သည်။ ထို့ပြင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ကျောင်းပေါင်း ၇၃၅ကျောင်း ဆောက်လုပ်ပေးခဲ့ပြီး ၆၈၉ကျောင်းကို ပြုပြင်တည်ဆောက်ပေးခဲ့သည်။ ယခင်က ကျောင်းသား ၁၀၀၀ကျော်မျှသာရှိခဲ့သည့် နယ်စပ်ဒေသတွင် ယခုအခါ ကျောင်းသား ၁၈၀၀၀၀ကျော် ပညာသင်ကြားနေကြပြီဖြစ်သည်။

ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ၌လည်း ၁၉၈၈ခုနှစ်က ဆေးရုံခြောက်ရုံ၊ ဆေးပေးခန်း ရှစ်ခန်းသာ ရှိခဲ့ရာမှ ယခုအခါဆေးရုံ ၁၀၀၊ ဆေးပေးခန်း ၉၈ခန်း၊ ကျေးလက်ကျန်းမာရေးဌာန ၉၁ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၀၀တို့ကို တည်ဆောက်ဖွင့်လှစ်ခဲ့ပြီးဖြစ်သည့်အပြင် ဖွံ့ဖြိုးရေးအထူးဒေသများ၌ ခုတင်(၂၀၀)ဆံ့ အထူးကုဆေးရုံများကို ဖွင့်လှစ်ပေးခဲ့ရာ နယ်စပ်ဒေသ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု ပိုမိုကောင်းမွန် တိုးတက်ခဲ့ပြီဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၌လည်း မြစ်ကူး၊ ချောင်းကူးတံတားများ၊ ရထားလမ်းများ ဆက်စပ်ဖောက်လုပ်ပေးခြင်း၊ ခရိုင်ချင်းဆက် လမ်းများ၊ ကျေးရွာချင်းဆက်လမ်းများ၊ ကတ္တရာလမ်း၊ ကျောက်ခင်းလမ်း၊ မြေသားလမ်းများကို လက်ယှက်ထိုး ဆက်သွယ်ဖောက်လုပ်ပေးခဲ့ရာ ဒေသတစ်ခုနှင့်တစ်ခုအကြား ကူးလူးဆက်သွယ်ရာ၌ လွယ်ကူချောမွေ့လာပြီး ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်လာခဲ့ပေသည်။

နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ၁၉၈၉ ခုနှစ်မှစ၍ ယနေ့အထိ ကျပ်သန်းပေါင်း ၃၁၄၅၃၀ အကုန်အကျခံ သုံးစွဲခဲ့ရာ နယ်စပ်ဒေသများ တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လာခဲ့သည်နှင့်အမျှ ရရှိပြီးဖြစ်သည့် ဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းများ ရေရှည် ထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းများတွင် ဒေသခံတိုင်းရင်းသားများက နိုင်ငံတော်နှင့်အတူ လက်တွဲကြိုးပမ်း သွားကြရမည်ဖြစ်ပါကြောင်း ရေးသား လိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၇-၆-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေး တင့်အောင်)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသာ ရိုးရာတေးသံသာ
၈:၁၅ ၈။ အတီးပြိုင်ပွဲ
၈:၃၀ ၉။ သီးနှံစိုက်စွမ်းအားမြင့်မားစေမှု အထောက်အကူပြုမည့် မဒန်းရေလှောင်တမံ
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အကပဒေသာ
၄:၂၀ ၃။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၄:၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သင်္ချာအထူးပြုများ)(သင်္ချာ)
၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၅၀ ၆။ တေးဂီတအစီအစဉ်
၅:၀၅ ၇။ **ရင်ခုန်စောင့်စားကမ္ဘာ့ဖလား အုပ်စု (E)**
၅:၁၅ ၈။ မြန်မာ-ဗီယက်နမ်သံတမန် ဆက်ဆံရေး တည်ထောင်ခြင်း (၃၅)နှစ်မြောက် အထိမ်းအမှတ် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံအမတ်ကြီး နှင့် တွေ့ဆုံမေးမြန်းခန်း
၅:၂၅ ၉။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ ဆိုကြမယ် ပျော်ကြမယ်
၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **တို့အတူရှိစဉ်တုန်းက** (အပိုင်း-၂၇)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာနုနု** (အပိုင်း-၂၁)
၁၈။ သုခုမရင်ပြင်
၁၉။ အစီအစဉ်ပြီး၏။

ရန်ကုန်မြို့ရှိ ဆက်သွယ်ရေးစခန်းများ
ဝန်ကြီး ဦးသိန်းဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၆

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်သည် ဇွန် ၅ရက်က ဒုတိယဝန်ကြီး ဦးသိန်းထွန်းလိုက်ပါ၍ ရန်ကုန်မြို့ အလုံမြို့နယ်ရှိ ဝါယာလက်အော်တိုတယ်လီဖုန်းဌာနသို့ ရောက်ရှိစစ်ဆေးရာ သက်ဆိုင်ရာအင်ဂျင်နီယာချုပ်က ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ အသစ်တိုးချဲ့တပ်ဆင်လျက်ရှိသည့် CDMA 800 E.V.D.O စက်ပစ္စည်းများ ရောက်ရှိတပ်ဆင်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းပြသသည်။ **(အပေါ်ပုံ)**

ထို့နောက် ဝန်ကြီးသည် WCDMA စက်ခန်းအတွင်းသို့ ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး စက်ပစ္စည်းများ အစဉ်အမြဲ ကြံ့ခိုင်ကောင်းမွန်စေရေးအတွက် လိုအပ်သည်များကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးသည် ဆက်သွယ်မှုလုပ်ငန်းများ တိုးတက်လျင်မြန်ချောမွေ့စေရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် ဆွေးနွေးမှာကြားသည်။ အစည်းအဝေးတွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ထပ်မံတိုးချဲ့ဆောင်ရွက်သွားမည့် ဝါယာလက်အော်တို တယ်လီဖုန်းတိုးချဲ့စီမံကိန်းနှင့် တည်ဆောက်နေသည့် မြို့တွင်း ဖိုင်ဘာဆက်ကြောင်း တည်ဆောက်ပြီးစီးမှု အခြေအနေများကို သက်ဆိုင်ရာ အင်ဂျင်နီယာချုပ်များက မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်-မြိတ်-ကော့သောင်း ခရီးစဉ် မြစ်ကြီးနားသင်္ဘောထွက်ခွာမည်

ရန်ကုန် ဇွန် ၆

မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းပိုင် ခရီးသည် ကုန်တင်သင်္ဘော ''မြစ်ကြီးနား'' ခရီးစဉ်(၀၁၂)သည် ရန်ကုန်-မြိတ်-ကော့သောင်း ခရီးစဉ်ကို ဇွန်၉ရက်တွင် ရန်ကုန်မြို့ရှိ သာကေတ ဆိပ်ခံတံတားမှ ထွက်ခွာရန် စီစဉ်ထားသည်။

ဆိပ်ခံတံတား

လိုက်ပါလိုသူများသည် မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း သာကေတ ဆိပ်ခံတံတား ခရီးသည်ဆောင်၌ သင်္ဘော လက်မှတ်များကို ဝယ်ယူနိုင်ပြီး အသေးစိတ် သိလိုသည်များကို ဖုန်း-၅၄၄၅၆၃ နှင့် ၅၄၄၅၇၁တို့သို့ ဆက်သွယ်စုံစမ်း၍ လက်မှတ်များ ဝယ်ယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံတကာ အစားအစာချက်ပြုတ်နည်း သင်တန်းသစ်ဖွင့်မည်

ရန်ကုန် ဇွန် ၆

ပြည်တွင်းပြည်ပရှိ Hotel, Restaurant နှင့် အပျော်စီးသင်္ဘောလိုင်းများ၌ တာဝန်ထမ်းဆောင်လိုသူများနှင့် ကိုယ်ပိုင် လုပ်ငန်း၌ ကျွမ်းကျင်သူတစ်ယောက်အဖြစ် လုပ်ကိုင်လိုသူများအတွက် ရည်ရွယ်၍ International Culinary Course (နိုင်ငံတကာအဆင့် အစားအစာ ချက်ပြုတ် ပြင်ဆင်နည်းသင်တန်း) သင်တန်းအမှတ်စဉ် အသစ်ကို ဇွန်လ တတိယပတ်အတွင်း Star Resources Hospitality Management Academy ၌ ဖွင့်လှစ်မည် ဖြစ်သည်။

အခမဲ့ကူညီ

နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ ဆရာမများကိုယ်တိုင် တတ်မြောက် ကျွမ်းကျင်အောင် အထောက်အကူပြုပစ္စည်း အစုံအလင်ဖြင့် စနစ်တကျသင်ကြားပေး မည်ဖြစ်သည်။ သင်တန်းတက်ရောက် နေစဉ်နှင့် သင်တန်းတက်ရောက်ပြီးသူများ အတွက် လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန်နှင့် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်လိုသူများအတွက် လိုအပ်သော အကူအညီများ အခမဲ့ကူညီ ပေးသွားမည်ဖြစ်သည်။

ထို့အပြင် IELTS Foundation Course နှင့် Intensive Course ကို လည်း Star Resources Hospitality Management Academy တွင် ဇွန်လ တတိယပတ်အတွင်း ဖွင့်လှစ်သင်ကြားပေး မည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

သင်တန်းကာလမှာ သုံးလကြာမြင့် မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက် ၂၆၇ အခန်း ၃၀၂ ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆၊ ၀၉-၅၀-၂၀၃၀၂ တို့သို့ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်း နိုင်သည်။ **(သတင်းစဉ်)**



သွေးလွန်တုပ်ကွေး ကာကွယ်

မေ ၃၁ရက်က ရေးမြို့ပေါ်ရှိ စာသင်ကျောင်းများတွင် မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ထွဋ် ကြီးကြပ်၍ သွေးလွန် တုပ်ကွေးရောဂါကာကွယ်ရေး ခြင်ဆေး ဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ပေါင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင် ကြီးကြပ်မှုဖြင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာမင်းသန့်ဇင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များစုပေါင်း၍ ဇွန် ၅ရက်က ထန်းပင်ချောင်ကြီးကျေးရွာတွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင် ကာကွယ်နှိမ်နင်းရေးကို အဖွဲ့ရှစ်ဖွဲ့ခွဲ၍ တစ်အိမ်တက်ဆင်း ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်စဉ်။

(မြို့နယ် ပြန်/ဆက်)

* ရှေ့ဖုံးမှ

ကြိုးပမ်းဆောင်ရွက်

သင်တန်းဆင်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကမောင်းနှင်အားတစ်ရပ်ဖြစ်သည့် အမျိုးသားပညာရည်မြင့်မားမှုစွမ်းရည် တိုးတက်ခိုင်မာရေးအတွက်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတကာသိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုများအရ အနာဂတ်ကာလ၌ ကြုံတွေ့ရမည့် စိန်ခေါ်မှုအမျိုးမျိုးအား အမျိုးသားရေးအသိအမြင် နိုးကြားထက်သန်စွာဖြင့် ရင်ဆိုင်နိုင်ရေးသို့ ဦးတည်သည့် အမျိုးသားပညာရည်မြင့်မားရေးအစီအစဉ်များကို ချမှတ်ပြီး မျိုးဆက်သစ်လူငယ်များအား ပြုစုပျိုးထောင်ပေးလျက်ရှိကြောင်း။

အားထုတ်ကြိုးပမ်း

တစ်ကမ္ဘာလုံး ဆက်စပ်ယှက်နွယ် ပြောင်းလဲနေသည့် ဖြစ်စဉ်နှင့်အညီ ပညာခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်စေရေးအတွက် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအား အသိပညာအခြေခံသည့် စဉ်ဆက်မပြတ် လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းအဖြစ် ပညာရေးကဏ္ဍတွင် ရည်မှန်းချက်ရှိရှိဖြင့် အားထုတ်ကြိုးပမ်း ဆောင်ရွက်နေခြင်းလည်း ဖြစ်ကြောင်း။

ပေါင်းစပ်ဆောင်ရွက်

ဤမျှော်မှန်းချက်များနှင့်အညီ အမျိုးသားပညာရည်မြင့်မားရေး နှစ်ရှည်စီမံကိန်းများကို ရေးဆွဲပြီး စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားရေး၊ နိုင်ငံသူနိုင်ငံသားတိုင်း ပညာတတ်မြောက်စေရေးနှင့် အရည်အသွေးမြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းရေး အစီအမံများကို ဟန်ချက်ညီညီ ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးမြှင့်တင်မှုအစီအစဉ်များနှင့် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) စီမံကိန်းတို့ကို ဆင့်ကဲဆင့်ကဲချမှတ်ပြီး အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့ကို စနစ်တကျချိတ်ဆက်မှုဖြင့် ပေါင်းစပ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ယှဉ်တွဲတည်ဆောက်

ယနေ့ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းအဆင့်ဆင့်သည် ကျောင်းသား ကျောင်းသူ လူငယ်များအား မျက်မှောက်ကာလမှာရော၊ အနာဂတ်ကာလမှာပါ ရင်ဆိုင်ကြုံတွေ့ရမည့် စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်ဖြေရှင်းနိုင်သည့် အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုများ ရရှိစေရုံသာမက ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုဓလေ့စရိုက် အစဉ်အလာများ၊ လူမှုတန်ဖိုးများကိုပါ လေးစားမြတ်နိုး ထိန်းသိမ်းမြှင့်တင်လိုသော စိတ်ဓာတ်စွမ်းအားများကိုပါ ယှဉ်တွဲတည်ဆောက်ပေးနေသည့် အစီအမံများလည်း ဖြစ်ကြောင်း။

လေ့ကျင့်ပျိုးထောင်

ထို့ကြောင့် ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူလူငယ်များ၏ စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရားမြင့်မားရေး၊ အမျိုးသားယဉ်ကျေးမှုနှင့် လူ့တန်ဖိုးများကို လေးစားမြတ်နိုးရေး၊ မိမိရပ်ရွာ၊ မိမိဒေသကအစပြုပြီး ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်စေရအောင် ကြိုးပမ်းစွမ်းဆောင်ပေးလိုသော မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာရေးတို့အတွက်ပါ စေတနာထားလေ့ကျင့်ပျိုးထောင်ပေးကြရန် လိုအပ်ကြောင်း။

ပညာမည်မျှပင် တတ်မြောက်ပါစေ တိုင်းချစ်ပြည်ချစ်၊ မျိုးချစ်စိတ်ဓာတ် မရှိခဲ့ပါလျှင် တိုင်းတစ်ပါးကိုမှီခိုပြီး မိမိတိုင်းပြည်နစ်မွန်းအောင်၊ ပြည်ထောင်စုပြိုကွဲအောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားအောင် အဖျက်လုပ်ရပ်များကို လုပ်ဆောင်တတ်ကြသည့် သာဓကများလည်း ရှိခဲ့ပြီးဖြစ်ကြောင်း။

ထို့ကြောင့် ဆရာ ဆရာမများကိုယ်တိုင် နိုင်ငံတော်အပေါ် အားထားယုံကြည်သည့် စိတ်ဓာတ်၊ နိုင်ငံ့အကျိုးအတွက် မိမိတို့တတ်စွမ်းသောကဏ္ဍမှ စွမ်းဆောင်ပေးလိုသည့် စိတ်ဓာတ်များ ပြည့်ဝခိုင်မာနေစေရန် အရေးကြီးကြောင်း၊ ယုံကြည်ချက်၊ ခံယူချက်ပြည့်ဝခိုင်မာမှသာ အခြေအနေ အချိန်အခါအမျိုးမျိုးတွင် နိုင်ငံတော်အကျိုးအတွက် ရပ်တည်ချက် မှန်ကန်စွာဖြင့် စွမ်းဆောင်ပေးနိုင်ကြမည်ဖြစ်ကြောင်း။

ဦးဆောင်စည်းရုံး

နိုင်ငံတော်အစိုးရ၏ ပြည်သူများအကျိုး ဦးတည်ကြိုးပမ်းဆောင်ရွက်နေမှုများ၊ နိုင်ငံတော်၏ မူဝါဒနှင့် အမျိုးသားရေး မျှော်မှန်းချက်များကို မိမိတို့ တာဝန်ကျရာဒေသရှိ ပြည်သူများ ရှင်းလင်းစွာသိရှိအောင်၊ ကျောင်းသား ကျောင်းသူလူငယ်များ သိမြင်သဘောပေါက်အောင်၊ အထူးသဖြင့် အပြုသဘောနှင့် အဖျက်သဘော၊ အကျိုးနှင့် အပြစ်၊ တည်ဆောက်သူနှင့် ဖျက်ဆီးသူတို့၏ ကွဲပြားခြားနားမှု သဘာဝများကို သိမြင်နားလည်စေရေး ဦးဆောင်စည်းရုံးသွားကြရန် မှာကြားလိုကြောင်း။

ယနေ့ခေတ်ကာလတွင် အမျိုးသားပညာရည်မြင့်မားမှုသည် မိမိနိုင်ငံ၊ မိမိလူမျိုး ရှင်သန်တိုးတက်ရေးအတွက် အဓိကမောင်းနှင်အားဖြစ်သကဲ့သို့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးသည်လည်း ပြည်ထောင်စုကြီး အရှည်တည်တံ့ခိုင်မြဲရေးအတွက် အဓိက အသက်သွေးကြောဖြစ်သည်ကို လေးလေးနက်နက်ခံယူပြီး မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးနှင့် ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲရေးအတွက် ရည်မှန်းချက်ရှိရှိဖြင့် မိမိတို့၏ပညာရေးဆိုင်ရာ တာဝန်ဝတ္တရားများကို အမျိုးသားရေးတာဝန်အဖြစ် ခံယူကြိုးပမ်း ထမ်းဆောင်သွားကြရမှာဖြစ်ကြောင်း။

ရှင်သန်ထက်မြက်

ယခုကဲ့သို့ ပညာရေးကို အဓိကမဏ္ဍိုင်ပြုပြီး နိုင်ငံတော်ကို တည်ဆောက်နေသည့် အခြေအနေ အချိန်အခါမျိုးတွင် ဆရာ ဆရာမများအနေဖြင့် နိုင်ငံတော်အပေါ် ချစ်မြတ်နိုးသည့် စိတ်ဓာတ်၊ ဆရာကောင်းတစ်ဦး၏ ကျင့်ဝတ်တာဝန်များကို လိုလိုလားလားနှင့် တက်ကြွစွာ ထမ်းဆောင်လိုသောစိတ်ဓာတ်၊ ထိရောက်ပီပြင်သည့် စွမ်းဆောင်ရည်များကို အစဉ်အမြဲ ရှင်သန်ထက်မြက်နေစေရေးအတွက် မိမိတို့ကိုယ် မိမိလေ့ကျင့်ပျိုးထောင်ပြီး နိုင်ငံ့တာဝန်၊ ပညာရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားကြရန် မှာကြားလိုကြောင်း။

ပေါ်ထွန်းခဲ့ပြီ

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုကြီးအဖြစ် အစဉ်ထာဝရ တည်တံ့ ခိုင်မြဲစေရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကိုချမှတ်ပြီး တစ်ဆင့်ပြီး တစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဤမူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှု၊ တန်းတူရည်တူရှိမှု၊ မျှတစွာ ဖွံ့ဖြိုးတိုးတက်မှု၊ အစဉ်ထာဝရ ပေါင်းစည်းလက်တွဲမှုတို့ကို ရေရှည်အာမခံချက်ပေးနိုင်မည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ်လည်း ပေါ်ထွန်းခဲ့ပြီဖြစ်ကြောင်း။

ထုတ်ပြန်ခဲ့ပြီး

ပေါ်ထွန်းလာသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မူဝါဒ လမ်းစဉ်(၇)ရပ်၏ ပဉ္စမအဆင့်ဖြစ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများထုတ်ပြန်ခဲ့ပြီးလည်းဖြစ်ကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို အဆင့်ဆင့်ဖော်ဆောင်နေခြင်းသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရေးအတွက် ရည်မှန်းကြိုးပမ်းနေခြင်း ဖြစ်သည့်အတွက် ဆရာ ဆရာမများအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သိမြင်ခံယူပြီး မိမိတို့ကျရာ ကဏ္ဍမှ ပါဝင်ကြိုးပမ်းသွားကြရန် မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မျိုးဆက်သစ်လူငယ်များ၏ ထက်မြက်သည့်ဉာဏ်ရည် ဉာဏ်သွေး၊ နိုးကြားတက်ကြွသည့် အားမာန်များကို ခေတ်မီနည်းပညာသစ်များ ကျွမ်းကျင်တတ်မြောက်မှုနှင့် ပေါင်းစပ်ပြီး အမျိုးသားရေးအကျိုးစီးပွားအတွက် ရပ်တည်ကြိုးပမ်းသူများအဖြစ် ပြုစုပျိုးထောင်သွားကြရန်၊ မိမိတို့တစ်ဦးချင်းအနေဖြင့်လည်း အနာဂတ် မြန်မာ့လူ့အဖွဲ့အစည်းအတွက် စွမ်းဆောင်ရည်ပြည့်ဝသည့် အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ် ရပ်တည်နိုင်ရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်သွားကြရန် တိုက်တွန်းမှာကြားသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက သင်တန်းသား စံပြဆုရ ကျောင်းသားအမှတ် (စီ-၉၇) ဦးသိန်းဇော်ဦး [လက်ထောက်ကထိက အစိုးရစက်မှုလက်မှုသိပ္ပံ(ဟားခါး)၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန]နှင့် သင်တန်းသူစံပြဆုရ ကျောင်းသားအမှတ် (ဘီ-၁၁၂) ဒေါ်ဖွေးဖွေးအောင် (နည်းပြ၊ မုံရွာစီးပွားရေးတက္ကသိုလ်၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန)တို့အားလည်းကောင်း၊ သင်တန်းသား ဖွဲ့လုံ့လဆုရ ကျောင်းသားအမှတ် (စီ-၁၁၀) ဦးကျော်ကျော်မိုး (လက်ထောက်ကထိက၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန)၊ သင်တန်းသူ ဖွဲ့လုံ့လဆုရ ကျောင်းသားအမှတ် (အေ-၂၁၅) ဒေါ်နန့်ဖွားစိုးလေး (လက်ထောက်ကထိက၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့)နှင့် ကျောင်းသားအမှတ် (အေ-၁၅၅) ဒေါ်တင်တင်ခိုင် (ကထိက၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)တို့အားလည်းကောင်း၊ စံပြအဆောင်ဆုရ သင်တန်းသားတပ်ခွဲ အမျိုးသားအမှတ် (၁)တပ်ခွဲ အဆောင်(၁)နှင့် သင်တန်းသူတပ်ခွဲ အမျိုးသမီးအမှတ် (၅)တပ်ခွဲ အဆောင် (၈)တို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသားခေါင်းဆောင် အသီးသီးတို့အား ပေးအပ်ချီးမြှင့်ကာ သင်တန်းဆင်းတက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ကြာမြင့်ခဲ့

အဆိုပါသင်တန်းသို့ အထက်မြန်မာပြည်ရှိ ပြည်နယ်နှင့်တိုင်းအသီးသီးတို့မှ သင်တန်းသား ၁၁၄ဦးနှင့် သင်တန်းသူ ၄၂၈ဦး စုစုပေါင်း ၅၄၂ဦးတက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်မင်းရောင်လမ်းနေ ကွယ်လွန်သူ ဦးညီညီ(ကန်တော့ခံစာရေးဆရာ မင်းသစ်ဦး) တစ်လပြည့်ရည်စူး၍ သားသမီးများဖြစ်သော ဦးသက်ထွန်း-ဒေါ်မြတ်သူဇာ၊ ဦးကျော်ကျော်ဦး-ဒေါ်ခိုင်တင့်နွယ် မိသားစုတို့ ဘိုးဘွားများအား တစ်နေ့တာအထူးအာဟာရကျွေးမွေးရန်အတွက် ငွေကျပ်တစ်သိန်းငါးသောင်းကို ပေးအပ်လှူဒါန်းကြစဉ်။ (ဘိုးဘွားရိပ်သာ)

ယခုအပတ်ထုတ်မြန်မာပို့စ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၆

မြန်မာပို့စ်ဂျာနယ် အတွဲ(၂)၊ အမှတ် (၂၁)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Groupမှ မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်ဝေဖြန့်ချိထားသည်။

မြန်မာပို့စ်ဂျာနယ်တွင် အောင်ဘာလေထီစျေးကွက်သည် ခေတ်ရေစီးကြောင်းနှင့်အတူ ပြောင်းလဲလျက်ရှိ၊ စျေးကွက်ယှဉ်ပြိုင်မှုမှာလည်း အံ့သြစရာကြီးထွားလျက်ရှိ မျက်နှာဖုံးဆောင်းပါး၊ မြို့တော်ဝန် ဦးအောင်သိန်းလင်း သီရိမင်္ဂလာကုန်စိမ်းစျေးပြောင်းရွှေ့ရေး စျေးသစ်တည်ဆောက်မှုစစ်ဆေး၊ ပြောင်းရွှေ့ရမည့် သီရိမင်္ဂလာကုန်စိမ်းစျေးကြီး၊ ချစ်ရပါသည် ဧရာဝတီ၊ ပြည်ပသို့သစ်သီးဝလံ တင်ပို့မည့်သူများကို အကူအညီပေးမည်၊ စွန့်ပစ်အမှိုက်များကြောင့် ငမိုးရိပ်ချောင်း ရေညစ်ညမ်းမှုဖြစ်ပေါ်စသည့် သတင်း၊ သတင်းဆောင်းပါးများနှင့် အထူးသတင်းဓာတ်ပုံများ၊ လူထုစိန်ဝင်း၊ မောင်စူးစမ်း၊ မောင်ဝံသ၊ ကိုကိုလှိုင်နှင့် ဒေါက်တာအောင်ကိုကို(စီးပွားရေးပညာ၊ စီးပွားရေးပေါ်လစီ)တို့၏ လေ့လာမှတ်သားဖွယ် ရသစုံ ဆောင်းပါးများကို ဖော်ပြထားသည်။ ထို့အပြင် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မြန်မာဒီမိုကရေစီကွန်ဂရက်ပါတီမှ တာဝန်ရှိသူများအကြောင်းဖော်ပြထားသည့် သူတို့အမြင် သူတို့အကြောင်း၊ နိုင်ငံရေးပါတီ (၄၂) ပါတီရှိပြီ၊ ဆက်သွယ်နိုင်သော နိုင်ငံရေးပါတီများတို့ ဖော်ပြပါရှိသည်။ ထို့ပြင် မုံရွာချင်းတွင်းရတနာစျေးကြီး မီးလောင်မှုဖြစ်ပွား၊ ဆေးကုမ္ပဏီများက မင်္ဂလာစျေးအနီး ယာယီဆေးဆိုင်များ ဖွင့်လှစ်ရောင်းချပေး၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်များတွင် ခရီးသည်များဘေးအန္တရာယ်ကင်းရေးအတွက် အသက်ကယ်ပစ္စည်းများ ပြည့်စုံစွာထားရှိ၊ ဆင်ဆာမဲ့ဒီဗွီဒီ၊ ဗွီစီဒီရောင်းသူ ၄၁သူများကို ခေါ်ယူသတိပေး၊ ဇွန်မှစ၍ ဖော်ထုတ်အရေးယူသွားရန်ရှိ၊ မြန်မာ- တောင်ကိုရီးယား နှစ်နိုင်ငံကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၁၉၄ ဒသမ ၃၇သန်းရှိ စသည့် စိတ်ဝင်စားဖွယ်သတင်းများ ဖော်ပြပါရှိသည်။

(သတင်းစဉ်)

ကယားပြည်နယ်၌ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး ဆိုင်းဘုတ်တင်ပွဲများကျင်းပ

နေပြည်တော် ဇွန် ၆

လွိုင်ကော်မြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံး ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို မေ ၂၅ ရက် နံနက်၉နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနဝင်းအတွင်းရှိ အဆိုပါ ရုံးရှေ့၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်နုနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဒီမောဆို မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို မေ ၂၆ ရက် နံနက်၉နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနဝင်းအတွင်းရှိ အဆိုပါ ရုံးရှေ့၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်နုနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးလကီးပဲ့ဒူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်နုက မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင်များအား တွေ့ဆုံအမှာစကားပြောကြားပြီး ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင်မောင်ရီက ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် ဖွဲ့စည်းခြင်းကိစ္စ၊ သင်တန်းများ လိုက်လံပို့ချမည့်ကိစ္စ၊ မဲရုံမှူး၊ ဒုမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ အမြန်ဆုံးခန့်ထားရေးကိစ္စတို့ကို အသေးစိတ် ရှင်းလင်းမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၇-၆-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄:၂၅ ၄။ ရှင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅ ၅။ မျိုးချစ်တပ်မတော်
၄:၄၅ ၆။ စိုက်ပျိုးသုတ
၄:၅၅ ၇။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅:၂၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
၅:၃၀ ၉။ မျှော်လင့်စောင့်စား ကမ္ဘာ့ဖလား Japan and Ghana
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၂။ လျှပ်တစ်ပြက်
၆:၄၀ ၁၃။ သံစဉ်လမ်းက လင်းလက်ကြယ်
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေဟုန်ခွင်းတဲ့သူရဲကောင်း** (အပိုင်း-၁၈)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ Talk of the Town
၂၀။ မေးမြန်းစူးစမ်း
၂၁။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လရောင်ဆမ်းတဲ့ဒဏ္ဍာရီ** အပိုင်း (၁၃)

ကုန်စည်ပြပွဲနှင့် ဖိုရမ်တက်ရောက်ရန် ပဲမျိုးစုံနှင့် နှမ်းကုန်သည်များထွက်ခွာ

ရန်ကုန် ဇွန် ၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ဇွန် ၆ ရက်မှ ၁၀ရက် အထိကျင်းပမည့် 18th Session of China Import & Export Fair 2010 နှင့် GMS Forum သို့ တက်ရောက်ရန်နှင့် မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ ပြပွဲတွင်ပါဝင်ပြသရန်အတွက် မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း တွဲဖက်အတွင်းရေးမှူး (၂) ဦးအောင်နိုင်၊ ဇဟိုအလုပ်မှုဆောင် ဦးရဲမြင့်နှင့် အလုပ်အမှုဆောင်ဦးသောင်းဟန်တို့သည် ဇွန် ၅ ရက် နံနက်က လေကြောင်းခရီးဖြင့်ထွက်ခွာသွားရာ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း အတွင်းရေးမှူး ဦးမင်းကိုဦးနှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဘန်ကီမွန်း အာဖရိကနိုင်ငံများသို့ အလည်အပတ်သွားရန်စီစဉ်

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်း။

နယူးယောက် ဇွန် ၆

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် ဝါရှင်တန်မြို့တော်နှင့်တကွ အာဖရိကနိုင်ငံငါးနိုင်ငံသို့ အလည်အပတ်ခရီးသွားရောက်ရန် စီစဉ်ထားသည်ဟု ၎င်း၏ပြောရေးဆိုခွင့်ရှိသူ မာရီအိုကာဘေးက ဇွန် ၄ရက်၌ ထုတ်ဖော်ပြောကြားသည်။

အဆိုပါခရီးစဉ်ကို ဇွန် ၇ရက်၌စတင်ပြီး ကျန်းမာရေးဆိုင်ရာပြဿနာများနှင့် ငတ်မွတ်ခေါင်းပါးမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များနှင့်သက်ဆိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးမည်ဟု ဆိုသည်။

သွားရောက်မည်

မစ္စတာဘန်ကီမွန်းအနေဖြင့် ဝါရှင်တန်မြို့၌ ၂၀၁၀ခုနှစ် သားဖွားမီးယပ်ဆိုင်ရာညီလာခံဖွင့်ပွဲသို့ တက်ရောက်ပြီးနောက် တောင်အာဖရိကနိုင်ငံသို့ ခရီးဆက်လက်ထွက်ခွာမည်ဖြစ်သည်။ ထို့ပြင် ဘရွန်ဒီ၊ ကင်မရွန်း၊ ဘီနင်၊ ဆီရာနှင့် လီယွန်နိုင်ငံများသို့ သွားရောက်ကာ ဇွန် ၁၆ရက်တွင် နယူးယောက်မြို့သို့ ပြန်လည်ရောက်ရှိမည်ဖြစ်သည်။

မစ္စတာဘန်ကီမွန်း၏ တတိယမြောက်ခရီးစဉ်အဖြစ် ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့များတည်ရှိရာ အာဖရိကနိုင်ငံများသို့လည်း သွားရောက်ရန်စီစဉ်ထားကြောင်း ဆင်ဟွာ သတင်းတွင် ဖော်ပြသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

အစ္စရေးတပ်ဖွဲ့ ပင်လယ်ဓားပြများနှင့် သဏ္ဌာန်တူကြောင်း တူရကီပြောကြား

အင်ကာရာ ဇွန် ၆

အစ္စရေးတပ်ဖွဲ့က ဂါဇာကမ်းမြောင်သွားရောက် အကူအညီပေးမည့် သင်္ဘောအုပ်စုကို သွေးစွန်းသည့် တိုက်ခိုက်မှုပြုလုပ်ခဲ့သဖြင့် ဆိုမာလီပင်လယ်ဓားပြများနှင့် အလားသဏ္ဌာန်တူညီကြောင်း တူရကီဝန်ကြီးချုပ် အာဒိုဂန်က ဇွန် ၅ရက်၌ ခိုင်းနှိုင်းပြောကြားလိုက်သည်။

ပိတ်ဆို့ခဲ့

ပါလက်စတိုင်း ဟားမတ်စ်အုပ်စုက ၂၀၀၆ခုနှစ် ဇန်နဝါရီလတွင် ကျင်းပသည့် ရွေးကောက်ပွဲ၌ အနိုင်ရပြီး ဂါဇာကမ်းမြောင်အား ၂၀၀၇ ခုနှစ်အတွင်း ထိန်းချုပ်ခဲ့ပြီးနောက် အစ္စရေးက ဂါဇာအားပိတ်ဆို့ခဲ့သည်။

ဟားမတ်စ်အုပ်စုသည် တော်လှန်ရေးလှုပ်ရှားမှု လုပ်ဆောင်နေသည့် အဖွဲ့သာဖြစ်ပြီး အကြမ်းဖက်အဖွဲ့မဟုတ်ကြောင်း၊ ၎င်းအဖွဲ့သည် ဒီမိုကရေစီကျ ရွေးကောက်ခံရသည့်အဖွဲ့ဖြစ်ကြောင်း အာဒိုဂန်က ပြောကြားသည်။ **(အင်တာနက်)**



တရုတ်နိုင်ငံ ပေကျင်းမြို့၌ကျင်းပသည့် ဆဋ္ဌမအကြိမ်မြောက် နိုင်ငံတကာသတ္တုနည်းပညာပြပွဲ၌ စွန့်ပစ်ပစ္စည်းများဖြင့် ပြုလုပ်ထားသည့် လက်မှုပညာပြကွက်ကို ဇွန် ၆ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

အိန္ဒိယနှင့် တောင်အာဖရိကနှစ်နိုင်ငံ စီးပွားရေးတိုးချဲ့ရန် သဘောတူညီ

နယူးဒေလီ ဇွန် ၆

အိန္ဒိယနှင့်တောင်အာဖရိကတို့က နှစ်နိုင်ငံစီးပွားရေးဆက်ဆံမှုနှင့် ဆက်သွယ်ရေးတိုးမြှင့်ရန် သဘောတူညီချက်သုံးခုကို ဇွန်၄ရက်တွင် လက်မှတ်ရေးထိုးကြကြောင်း အိန္ဒိယအရှေ့သတင်းဌာနက ဖော်ပြသည်။

သဘောတူညီ

ထို့နောက် နှစ်နိုင်ငံက ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင်မဟုတ်သည့် နေရာရရှိရေးအတွက် အပြန်အလှန်ထောက်ခံကြောင်း ထုတ်ဖော်ပြောကြားကြပြီး ကုလသမဂ္ဂ၏ ပြုပြင်ပြောင်းလဲရေးအစီအစဉ်များကို ပူးတွဲဆောင်ရွက်ကြရန်လည်း သဘောတူညီကြသည်ဟု ဆိုသည်။

ဆွေးနွေး

အလည်အပတ်ရောက်ရှိနေသည့် တောင်အာဖရိကသမ္မတနှင့်တွေ့ဆုံစဉ် အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက စီးပွားရေးဆက်ဆံမှု တောင့်တင်းခိုင်မာစေရေး၊ ကမ္ဘာလုံးဆိုင်ရာ ပြဿနာများ အနီးကပ်ညှိနှိုင်းဆောင်ရွက်ရေးကိစ္စများအပါအဝင် ကျယ်ပြန့်သည့် ပြဿနာများကို ဆွေးနွေးကြသည်ဟု သိရသည်။ **(အင်တာနက်)**

ဂါဇာထောက်ပံ့ရေးသင်္ဘော အစ္စရေး ထပ်မံဟန့်တား

တဲလ်အဗစ် ဇွန် ၆

အစ္စရေးရေတပ်သည် ဂါဇာထောက်ပံ့ရေးသင်္ဘောအုပ်စုကို တိုက်ခိုက်ခဲ့ပြီးနောက် ယခုတစ်ဖန် ဂါဇာထောက်ပံ့ရေးသင်္ဘော ရွေးချယ်ရေးကော်မတီအား ထပ်မံဟန့်တားလိုက်ကြောင်း အင်တာနက် သတင်းတွင် ဇွန် ၅ရက်က ဖော်ပြသည်။

ဟန့်တားခံရ

အဆိုပါသင်္ဘောသည် အိုင်ယာလန်သင်္ဘောဖြစ်ပြီး မြေထဲပင်လယ်အတွင်း ရေမိုင် ၃၅မိုင်ခန့်၌ အစ္စရေးရေတပ်၏ ကြားဖြတ်ဟန့်တားခြင်းကို ခံရခြင်းဖြစ်သည်ဟုဆိုသည်။ သင်္ဘောသည် ဇွန် ၅ရက်တွင် ဂါဇာကမ်းမြောင်သို့ဆိုက်ကပ်ရန် စီစဉ်ထားပြီး ဆေးဝါးများ၊ ကျောင်းသုံးပစ္စည်းများအပါအဝင် ထောက်ပံ့ရေးပစ္စည်းတန်ချိန် ၇၅၀ခန့်ကို တင်ဆောင်လာစဉ် ဟန့်တားခံရခြင်းဖြစ်သည်ဟု သတင်းတွင်ဖော်ပြသည်။ **(အင်တာနက်)**

အိန္ဒိယနိုင်ငံ အက်မာဒါဘတ်ဒ်မြို့ရှိ နာနို ကားထုတ်လုပ်ရေးစက်ရုံ၏ လုပ်ငန်းခွင် တစ်နေရာကို ဇွန် ၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အပိုင်စီးခံထားရသည့်ပနားမားသင်္ဘော ပြန်လည်စီးနင်း တိုက်ခိုက်ရယူ

နိုင်ရိုဘီ ဇွန် ၆

ဆိုမာလီတပ်ဖွဲ့ဝင်များက ဆိုမာလီဓားပြများအပိုင်စီးထားသည့် ပနားမားအလံတင်ကုန်တင်သင်္ဘောကို အာဖရိကအရှေ့မြောက်ဒေသမြောက်ပိုင်း၌ စီးနင်းတိုက်ခိုက်ရယူ ယင်းတိုက်ခိုက်မှုအတွင်း သင်္ဘောမာလိန်မှူးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ ရေကြောင်းတာဝန်ရှိပုဂ္ဂိုလ်နှင့် ဆိုမာလီဒေသဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်က ဇွန် ၄ရက်တွင် အခိုင်အမာပြောကြားသည်။

တိုက်ခိုက်မှုဖြစ်ပွား

ပန်းတလန်ဒေသမှ တပ်ဖွဲ့ဝင်များက ပနားမားအလံတင် ကုန်သင်္ဘောတစ်စင်းကို စီးနင်းတိုက်ခိုက်ခဲ့ပြီး ပင်လယ်ဓားပြများနှင့် တိုက်ခိုက်မှုဖြစ်ပွားခဲ့သည်ဟု သင်္ဘောသားအကူအညီပေးရေးအစီအစဉ်(ဆက်ပ်)မှ အရှေ့အာဖရိကဆိုင်ရာညှိနှိုင်းရေးမှူး မွမ်ဂူရာက ပြောကြားသည်။

သေဆုံးခဲ့

ပန်းတလန်ဒေသမှ တပ်ဖွဲ့ဝင်များက ဓားပြများနှင့် တိုက်ခိုက်ပြီးနောက် သင်္ဘောပေါ်သို့ ချက်ချင်းတက်ရောက်ခဲ့ကြောင်း၊ သင်္ဘောသားများအား လွှတ်ပေးသော်လည်း တိုက်ခိုက်မှုဖြစ်ပွားစဉ်အတွင်း မာလိန်မှူးသေဆုံးခဲ့ကြောင်း ဆိပ်ကမ်းနှင့် ရေကြောင်းသယ်ယူပို့ဆောင်ရေးဝန်ကြီးက သတင်းထောက်များသို့ ပြောကြားသည်။ **(အင်တာနက်)**

နေတိုးနှင့်ပါကစ္စတန် ဆက်ဆံမှုတိုးမြှင့်ရေး ဆွေးနွေးရန် သဘောတူညီ

ဘရပ်ဆဲလ် ဇွန် ၆

နေတိုးအဖွဲ့နှင့် ပါကစ္စတန်အစိုးရတို့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုအပြင် ဆက်ဆံရေးတိုးမြှင့်သွားရန်နှင့် နိုင်ငံရေးရာကိစ္စများတွင် အလေးထားညှိနှိုင်းဆောင်ရွက်သွားရန် ဇွန် ၅ရက်က သဘောတူညီကြကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ဆက်ဆံရေးတိုးမြှင့်

နေတိုးနှင့် ပါကစ္စတန်အစိုးရတို့သည် အယ်လ်ခိုင်ဒါအကြမ်းဖက်နှိမ်နင်းရေးလုပ်ငန်းတွင်သာမကဘဲ ပါလီမန်အမတ်များနှင့်တကွ အစိုးရအဖွဲ့ထိပ်တန်းအရာရှိကြီးများ အပြန်အလှန်လည်ပတ်ရေးကဲ့သို့သော ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပါကစ္စတန်ဝန်ကြီးချုပ်ဂီလာနီက ပြောကြားသည်။ နေတိုးအဖွဲ့နှင့် ပါကစ္စတန်တို့သည် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် အနာဂတ်တွင် အပြန်အလှန်ဆက်ဆံရေး တိုးမြှင့်ဖော်ဆောင်သွားရန်ဆန္ဒရှိကြောင်း နေတိုးအတွင်းရေးမှူးချုပ် အန်ဒရက်စ်ဖို့ရစ်မြူဆန်က ပြောကြားသည်။ *(အင်တာနက်)*

တူရကီ၌ ဘိန်းဖြူများ သိမ်းဆည်းရမိ

အင်ကာရာ ဇွန် ၆

တူရကီနိုင်ငံ ဘီတစ်ပြည်နယ်အတွင်း၌ ဘိန်းဖြူ ၅၁ ဒသမ ၅ ကီလိုဂရမ်ကို ဇွန်၅ရက်တွင် သိမ်းဆည်းရမိကြောင်း တူရကီရဲတပ်ဖွဲ့က ပြောကြားသည်။

သိမ်းဆည်းခဲ့

ရဲတပ်ဖွဲ့သည် ဘီတစ်နှင့်ဒီရာဘစ်ကာမြို့ဆက်သွယ်ထားသည့် အဝေးပြေးလမ်းမပေါ်၌ မော်တော်ယာဉ်တစ်စီးကို ရပ်တန့်ရှာဖွေခဲ့ရာမှ အဆိုပါ ဘိန်းဖြူများကို သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။ သီးခြားဖြစ်စဉ်အနေဖြင့် ယင်းနေ့မှာပင် ဟက်ကာရီပြည်နယ် အရှေ့မြောက်ပိုင်း၌ ကုန်ကားတစ်စီးပေါ်မှ ဆေးခြောက် ၂၃၄ကီလိုဂရမ်ကို သိမ်းဆည်းရမိခဲ့သည်ဟု ဆိုသည်။

တူရကီနိုင်ငံသည် အာရှနှင့် အရှေ့အလယ်ပိုင်းဒေသမှ ထွက်ရှိသည့် မူးယစ်ဆေးဝါးများကို ဥရောပအနောက်ပိုင်းသို့ ဖြန့်ဖြူးရာ အဓိကလမ်းကြောင်းတစ်ခုဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ချီလီနိုင်ငံ စန်တီယာဂိုမြို့၌ ကျင်းပသည့် ကမ္ဘာ့သဘာဝပတ်ဝန်းကျင်နေ့ အထိမ်းအမှတ်ပွဲတော်တွင် ရိုးရာအကဖြင့် ဖျော်ဖြေတင်ဆက်နေပုံကို ဇွန် ၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တရားမဝင် အလုပ်သမား ၁၄ ဦး အာဂျင်တီးနားတွင် ဖမ်းဆီးခံရ

ဗျူနို့အေရိစ် ဇွန် ၆

အာဂျင်တီးနားရဲတပ်ဖွဲ့က ဗျူနို့အေရိစ်မြို့ရှိ မှတ်ပုံတင်မထားသည့် စက်ရုံရှစ်ရုံကို စီးနင်းပြီးနောက် တရားမဝင် ဘိုလီးဗီးယားနှင့် ပီရူးအလုပ်သမား ၁၄ဦးကို ဖမ်းဆီးလိုက်ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဇွန်၅ရက်က ဖော်ပြသည်။

ပြောကြား

ရဲတပ်ဖွဲ့က စက်ရုံများကို စီးနင်းရှာဖွေစဉ် ဘိုလီးဗီးယား၊ ပီရူးအလုပ်သမားအုပ်စုတို့နှင့် အဓိကရုဏ်း ဖြစ်ပွားခဲ့ကြသည်။ ရဲတပ်ဖွဲ့က ဖမ်းဆီးမိလိုက်သည့် အလုပ်သမားများကို လူဝင်မှုကြီးကြပ်ရေးဌာနသို့ လွှဲပြောင်းပေးလိုက်သည်။ အဖမ်းခံရသည့်အလုပ်သမားများမှာ ဆင်းရဲကျပ်တည်းစွာ အလုပ်လုပ်ကိုင်နေကြရသည်ဟု ရဲတပ်ဖွဲ့ကပြောကြားသည်။ **(အင်တာနက်)**

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

စစ်မဖြစ်ပွားနိုင်ဟု တောင်ကိုရီးယားသမ္မတ ပြောကြား

ကိုရီးယားကျွန်းဆွယ်တွင် တင်းမာမှုအခြေအနေရှိသော်လည်း စစ်ဖြစ်ပွားနိုင်မှုမရှိကြောင်း စင်ကာပူနိုင်ငံသို့ ရောက်ရှိနေသော တောင်ကိုရီးယားသမ္မတအီမြောင်ဘတ်က စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ် ဇွန် ၆ရက်၌ ပြောကြားလိုက်သည်။

ဆီနီဂေါမြို့တော်၌ အစွရေးဆန့်ကျင်ရေး ဆန္ဒပြ

ဆီနီဂေါနိုင်ငံမြို့တော် ဒါကာဒ်တွင် အစ္စရေးတို့ ဂါဇာကမ်းမြောင်ဒေသကို တိုက်ခိုက်နေမှုလုပ်ရပ်အပေါ် ဆန့်ကျင်သည့်အနေဖြင့် ပြည်သူရာပေါင်းများစွာတို့ ဇွန် ၆ရက်၌ ဆန္ဒပြကြကြောင်း ဆီနီဂေါအရာရှိများက ပြောကြားသည်။

အီရန်တပ်ဖွဲ့ဝင်များ အီရတ်မြောက်ပိုင်း ဝင်ရောက်

အီရတ်နိုင်ငံမြောက်ပိုင်း ကာ့ဒ်လက်နက်ကိုင်များရှိရာဒေသသို့ အီရန်တပ်ဖွဲ့ဝင်များက လက်နက်ကြီးများ၊ စစ်မော်တော်ယာဉ်များဖြင့် ငါးကီလိုမီတာအထိ ဝင်ရောက်ခဲ့ကြောင်း၊ အီရန်တပ်ဖွဲ့ဝင်များအား တိုက်ခိုက်နေသည့်အတွက် ကာ့ဒ်တို့ကို နှိမ်နင်းခြင်းဖြစ်ကြောင်း အီရန်အရာရှိများက ပြောကြားသည်။

ပါကစ္စတန်တောင်ပိုင်း၌ ရေလွှမ်းမှုဖြစ်ပွား

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ပါစနီနှင့်ဂျီဗာနီဒေသများတွင် ဇွန် ၆ရက် နံနက်က မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပွားရာ နေအိမ်ရာပေါင်းများစွာ ရေလွှမ်းခံရပြီး ဒေသခံအများအပြား ရေဘေးဒုက္ခကြုံတွေ့နေရသဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ပါကစ္စတန်အရာရှိများက ပြောကြားသည်။ (အပေါ်ပုံ)

ဖိလစ်ပိုင်တောင်ပိုင်း၌ အရပ်သားများ သေဆုံး

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဆူခါတန်မြို့အနီးတွင် လက်နက်ကိုင်များက အရပ်သားသုံးဦးအား ဇွန် ၆ရက်၌ သတ်ဖြတ်ခဲ့ကြောင်း၊ ယင်းအရပ်သားများကို ပြီးခဲ့သည့်လတွင် လက်နက်ကိုင်တိုက်ခိုက်ရေးသမားများက ပြန်ပေးဆွဲထားခဲ့ခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်ရဲတပ်ဖွဲ့က ပြောကြားသည်။

တရုတ်အနောက်တောင်ပိုင်း၌ မိုးသည်းထန်မည်ဟုသတိပေး

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းနှင့် အနောက်မြောက်ပိုင်းဒေသများတွင် နောက်သုံးရက်အထိ မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းမည်ဟု သတိပေးချက် ထုတ်ပြန်ထားကြောင်း တရုတ်အရာရှိများက ဇွန် ၆ရက်၌ ပြောကြားသည်။

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ လေကြောင်းမှတိုက်ခိုက်

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း အိုရာဇီအရပ်ကို ပါကစ္စတန်လေကြောင်းက ဇွန် ၆ရက်၌ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် လက်နက်ကိုင် ၁၂ဦးသေဆုံးခဲ့ကြောင်း ပါကစ္စတန်စစ်ဘက်မှ ပြောကြားသည်။

အိန္ဒိယအရှေ့ပိုင်း၌ ပေါက်ကွဲမှုဖြစ်ပွား

အိန္ဒိယနိုင်ငံအရှေ့ပိုင်း နာဆယ်အရပ်တွင် ဇွန် ၆ရက် နံနက်က ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း၊ ပေါက်ကွဲမှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း အိန္ဒိယရဲတပ်ဖွဲ့က ပြောကြားသည်။ ။

(အင်တာနက်)

ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်စာစောင်လှူဒါန်းပွဲ မြိတ်၌ကျင်းပ

မြိတ် ဇွန် ၆

မြိတ်ခရိုင် မြိတ်မြို့နယ် ကျောက်ဖျာကျေးရွာ အသိအားမြင့်မား စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မေ ၁၉ရက် နံနက် ၈နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ အဆိုပါစာကြည့်တိုက်ကို မြိတ်ခရိုင်ဥက္ကဋ္ဌ ဦးခင်မောင်ကြည်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နီနီချိုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးခင်မောင်ကြည်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဒေါ်နီနီချိုက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး ဟောပြောသည်။

လက်ခံယူ

ဆက်လက်၍ တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝေနှင့်အဖွဲ့ဝင်များက သုတ၊ ရသစာအုပ်များကိုလည်းကောင်း၊ မြိတ်မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ရွှေက ဂျာနယ်များကိုလည်းကောင်း၊ စာကြည့်တိုက်ဖောင်ဒေးရှင်းမှ လှူဒါန်းသည့် သုတစာအုပ် ၅၀၊ ရသစာအုပ် ၁၂၀ကို မြိတ်မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဌေးက လည်းကောင်း၊ အလှူရှင် ဦးမောင်မြင့်က ရုပ်မြင်သံကြားပြစက်တစ်လုံးကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဝင်များက လက်ခံယူကြသည်။

(ခရိုင် ပြန်/ဆက်)

ငွေလဝန်းစာကြည့်တိုက်ဖွင့်ပွဲ အင်္ဂပူမြို့နယ်၌ ကျင်းပ

အင်္ဂပူ ဇွန် ၆

ဧရာဝတီတိုင်း ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် ကျွဲသောင်ကျေးရွာ ငွေလဝန်းစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မေ ၁၉ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးလွှမ်းမိုးဟန်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်ရှင်းမောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ စာကြည့်တိုက်အတွက် လူမှုရေးအသင်းအဖွဲ့မှ ဦးမြတ်စိုးက စာအုပ်စာစောင်များလှူဒါန်းရာ ဟင်္သာတခရိုင်ဥက္ကဋ္ဌ ဦးလှဝေက လက်ခံယူသည်။ ထို့နောက် မက်စ်ကုမ္ပဏီမှ ပရိဘောဂနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌက လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

ကျောင်းကုန်းမြို့ မေတ္တာမွန်သွေးလှူရှင်အဖွဲ့ အမျိုးသားသွေးဌာနသို့ စုပေါင်းသွေးလှူဒါန်း

ကျောင်းကုန်း ဇွန် ၆

ကျောင်းကုန်းမြို့ မေတ္တာမွန်စေတနာရှင် ကရုဏာရှင် သွေးလှူရှင်များအဖွဲ့၏ (၆)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် စုပေါင်းသွေးလှူဒါန်းပွဲကို မေ ၂၃ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ အမျိုးသားသွေးဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကျင်းပရာ ဧရာဝတီတိုင်း ကျောင်းကုန်းမြို့ မေတ္တာမွန်သွေးလှူရှင် အဖွဲ့ခေါင်းဆောင် ဦးလှိုင်မျိုးဆွေ ဦးဆောင်၍ သွေးလှူရှင်များ စုစုပေါင်း၅၀ကျော်တို့က ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ မှန်လုံမော်တော်ယာဉ်များဖြင့် သွားရောက်၍ စုပေါင်းလှူဒါန်းကြသည်။ (အပေါ်ပုံ)

အဆိုပါ မေတ္တာမွန် စေတနာရှင် ကရုဏာရှင် သွေးလှူရှင်များအား လိုအပ်သည်များကို မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ကျောင်းကုန်းမြို့မှ စေတနာရှင်တို့က ကူညီပံ့ပိုးဆောင်ရွက်ပေးကြသည်။ (၁၅၄)

မြင်းခြံမြို့နယ် ရွာသာယာကျေးရွာအုပ်စု မန်ကျည်းစုကျေးရွာတွင် သောက်သုံးမိုးရေကန် အဆင့်မြှင့်တိုးချဲ့ခြင်းကို အဖွဲ့ပိုင်စက်ယန္တရားဖြင့် အငယ်တန်းအင်ဂျင်နီယာ-၂ (စက်မှု) ဦးမြအေး ကြီးကြပ်ဆောင်ရွက်မှုကို မေ ၈ရက်က အမှုဆောင်အရာရှိ ဦးအေးမြင့် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကန့်ဘလူ၌ ပန်းပျိုးလက်စာကြည့်တိုက်ဖွင့် စာပေဖတ်ရှုရခြင်းအကျိုးကျေးဇူးဟောပြော

ကန့်ဘလူ ဇွန် ၆

ကန့်ဘလူမြို့နယ် ဂါးတာအုပ်စု ဂါးတာကျေးရွာတွင် ပန်းပျိုးလက် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၀ရက်က ကျေးရွာဘုန်းတော်ကြီးကျောင်းဝင်း စာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပသည်။

ဖွင့်လှစ်

ရှေးဦးစွာ စာကြည့်တိုက်အဆောက်အအုံသစ်ကို မြို့နယ်ဦးစီးမှူး ဦးဝင်းမောင်၊ အလှူရှင် ဦးခင်မောင်နှင့် စာရေးဆရာ ဦးချစ်ဦးညိုနှင့် ဦးကြည်စိုးထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဟောပြော

ထို့နောက် မြို့နယ်ဦးစီးမှူးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်းနှင့် စာပေဖတ်ရှုလေ့လာရခြင်း အကျိုးကျေးဇူးများကို ဟောပြောသည်။

(မြို့နယ် ပြန်/ဆက်)

လမ်းမတော်မြို့နယ် ဝါးတန်းလမ်း ဗဟိုစည်အိမ်ရာ အမှတ်(၈၉/၉၀)နေ သုံးပွင့်ဆိုင်ကုမ္ပဏီ (၁၀)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ဗန္ဓုလအသင်းမှ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ၃၄၅၅၀၀ လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးက လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

သာကေတ၌ သုတဘဏ်စာကြည့်တိုက်ဖွင့်

ရန်ကုန် ဇွန် ၆

သာကေတမြို့နယ် ၁/ထူပါရုံရပ်ကွက် သုတဘဏ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို မေ ၂၉ရက် နံနက်၈နာရီက အဆိုပါစာကြည့်တိုက်၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကံစောလှိုင် တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး စာကြည့်တိုက်ကို မြို့နယ်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (ဝဲပုံ)

လှူဒါန်း

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ကိုက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့်စာပေကျေးဇူးကို ပြောကြားပြီး မြို့နယ်ဥက္ကဋ္ဌ ဦးကံစောလှိုင်က အလှူငွေများကို ရပ်ကွက်ဥက္ကဋ္ဌ ဦးဇော်မင်းထံ ပေးအပ်လှူဒါန်းသည်။

ဂုဏ်ပြုလွှာ

ထို့နောက် အလှူရှင်များအား မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက တစ်ဦးချင်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

အားကစားဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်း (၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဇွန် ၆

၂၀၁၀ ခုနှစ် (၁၁)ကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်း အသက်(၁၉)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၄ရက် ညနေ ၄ နာရီက မန္တလေးမြို့ အောင်မြေမန္တလာအားကစားပြိုင်ကွင်း၌ကျင်းပရာ ဗိုလ်လုပွဲတွင် ကယားပြည်နယ်ဘောလုံးအသင်းနှင့် မကွေးတိုင်း ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကယားပြည်နယ်အသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အထက်မြန်မာပြည် ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်က တတိယဆုရ ကရင်ပြည်နယ်အသင်းအား လည်းကောင်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ဒုတိယဆုရ မကွေးတိုင်းအသင်းအား လည်းကောင်း၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းအောင်က ပထမဆုရ ကယားပြည်နယ်အသင်းအား လည်းကောင်း တစ်ဦးချင်း ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ မန္တလေးတိုင်း စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဖုန်းဇော်ဟန်က အကောင်းဆုံး ဂိုးသမားဆုရ ရန်ကျော်မင်း(ရှမ်းမြောက်)၊ အကောင်းဆုံး နောက်တန်းဆုရ သီဟစိုး(မကွေးတိုင်း)၊ အကောင်းဆုံး အလယ်တန်းဆုရ စောနေနေ (ကရင်ပြည်နယ်)၊ အကောင်းဆုံးရှေ့တန်းဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုရ အောင်ကျော်ထွေး (ကယားပြည်နယ်)တို့အား ဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်က အသန့်ရှင်းဆုံး အသင်းဆုရ မကွေးတိုင်းအသင်းအား ဆုဖလားနှင့် ငွေသား ဆုကျပ်တစ်သိန်း၊ တတိယဆုရ ကရင်ပြည်နယ်အသင်းအား ငွေသားဆု ကျပ်သုံးသိန်းနှင့် ဒုတိယဆုရ မကွေးတိုင်းအသင်းအား ငွေသားဆုကျပ်ခြောက်သိန်းတို့ကို ပေးအပ်ချီးမြှင့်သည်။

ပထမ

ထို့နောက် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေက ပထမဆုရ ကယားပြည်နယ် အသင်းအား ဆင့်ပွားဖလား၊ တံခွန်စိုက်ဖလားနှင့် ငွေသားဆုကျပ် ၁၀သိန်းတို့ကို ပေးအပ်ချီးမြှင့်သည်။

ထပ်မံချီးမြှင့်

ထို့အပြင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကယားပြည်နယ်အသင်းအား ငွေကျပ်သုံးသိန်း၊ မကွေးတိုင်းအသင်းအား ငွေကျပ်နှစ်သိန်းနှင့် ကရင်ပြည်နယ်အသင်းအား ငွေကျပ်တစ်သိန်းတို့ကို လည်းကောင်း၊ ရတနာပုံဘဏ်က ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့်တတိယရရှိကြသော အသင်းသုံးသင်းအား ငွေကျပ် တစ်သိန်းစီကို လည်းကောင်း၊ မြန်မာကိုင်ဒိုကုမ္ပဏီက ဒုတိယဆုရ မကွေးတိုင်း အသင်းအား ငွေကျပ် ငါးသိန်းကိုလည်းကောင်း အသီးသီး ထပ်မံ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ ၂၀၁၀ခုနှစ် (၁၁)ကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်း အသက် ၁၉နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပထမဆုရ ကယားပြည်နယ်အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး လမ်းကြံ့ခိုင်မှု ဆောက်လုပ်ရေး ဒုတိယဝန်ကြီး ဦးတင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေသည် ဇွန် ၄ရက် နံနက်ပိုင်းက ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး တစ်လျှောက် လမ်းကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ် (၇၄/၁)အနီး၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းပုံထုတ်ဌာနက ပုံမှန်ကွေ့နှင့် ဆက်စပ်ကွေ့များအား အန္တရာယ် ရှိ မရှိတိုင်းတာခြင်း၊ မြေပြန့်နှင့် ကုန်းမြင့်များ၏ မြင်ကွင်းလုံလောက်မှု၊ မှန်ကန်မှု ရှိ မရှိတိုင်းတာခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဇွန် ၆

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆)၊ အမှတ် (၂၁)၌ မန္တလေး အောင်မြေသာစံမြို့နယ် ဆုတောင်းပြည့်စာချကျောင်းဆရာတော် သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ဘဒ္ဒန္တဝိလာသဂ္ဂမဟာထေရ်၏ အန္တိမအဂ္ဂိစျာပနဥ္ဘ နှလုံးတော်အပါအဝင် ဓာတ်တော်များ မီးမလောင်ဘဲ ကြွင်းကျန်ရစ်ခဲ့၊ ဒရယ်လူးကျေးရွာ လုယက်မှုတရားခံများကို လက်နက်ခဲယမ်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့၊ ပါဆယ်ထုပ်များ၌ ပေါက်ကွဲစေမည့် ပစ္စည်းများ မပါရှိစေရန်အတွက် မသင်္ကာဖွယ်ရာအချက်များကို ရုပ်ပုံများ ရေးဆွဲ၍ သတိပေးထား၊ ပြည်ပမှ ဓာတ်ဆီတင်သွင်းလိုသူများ အကန့်အသတ်မရှိ တင်သွင်းခွင့်ပြုမည်၊ မုံရွာ ချင်းတွင်းရတနာဈေးကြီး မီးလောင်မှုဖြစ်ပွား၊ ကုန်ပစ္စည်း အာမခံထားသော မင်္ဂလာဈေးမှဆိုင်ပိုင်ရှင်များအား အာမခံလျော်ကြေးရရန် ဆောင်ရွက်ပေးမည်၊ ဆေးဈေး မတက်စေရန် ဆေးဝါးအသင်းမှ ဆေးတင်သွင်းခွင့်လိုင်စင်ကို အမြန်ဆုံးရရှိအောင် ကူညီပေးမည်၊ ကော့သောင်းရှိ ယာယီမြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးစခန်း ရနောင်းသို့ရွှေ့ပြောင်းမည် စသည့် ပြည်တွင်းသတင်းများနှင့်အတူ ဆရာဘုန်းလူလှရေးသော နိုင်ငံရေးမိတ်ဆက် နိုင်ငံရေးသဘောတရားများ၊ ဦးစိုင်းအိုက်ပေါင်း(ဥက္ကဋ္ဌ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီနှင့် တွေ့ဆုံခြင်း) Political Column ရာဇဝင်ထဲကသမိုင်း သမိုင်းထဲက မြို့တစ်မြို့ မြို့တစ်မြို့ထဲမှပြတိုက်တစ်ခု Myanmar Discovery၊ ဘဝကို အနုတ်နဲ့စတင်ခဲ့သူ၊ ဒီမိုကရေစီထက် အရေးကြီးသော အရာကဲ့သို့သော ဖတ်စရာ မှတ်စရာဆောင်းပါးများ ဝေဝေဆာဆာဖြင့် ထွက်ရှိနေပြီ ဖြစ်သည်။

တရုတ်ဘိုးဘိုးတစ်ယောက် (၁၁၁)နှစ်မှ အချစ်ကိုတွေ့ရှိခဲ့၊ နှစ်ပေါင်း ၃၃၀၀ ခန့်က စစ်တပ်အကြီးအကဲ၏ ဂူသင်္ချိုင်းကို အီဂျစ်တွင်တူးဖော်တွေ့ရှိ၊ ဆယ်ကျော်သက်မိန်းကလေးအား ဗလက္ကာရပြုကျင့်ခဲ့သည့် ရဲအရာရှိဟောင်း အနှစ် ၂၀ ကြာပြီးနောက်မှ ထောင်နန်းစံခဲ့ရ၊ အာရှတိုက်နှင့်တိုက်မိပြီးနောက် အိန္ဒိယတိုက်၏ မြေထုလွှာကြီး ကီလိုမီတာ ၂၀၀အောက် နိမ့်ကျခဲ့၊ အိန္ဒိယနိုင်ငံတွင် နှစ်ပေါင်းတစ်ရာအတွင်း အဆိုးရွားဆုံး အပူလှိုင်းဒဏ်ကို ခံစားနေရ၊ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကာလ အတောအတွင်း အရက်နာကျသူအရေးအတွက် တိုးပွားလာဖွယ်ရှိ စသည့်နိုင်ငံတကာ သတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများစုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိထားသည်။ **(သတင်းစဉ်)**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ပုံမှန်ကွေ့နှင့် ဆက်စပ်ကွေ့များအား အန္တရာယ် ရှိ မရှိ တိုင်းတာခြင်း၊ မြေပြန့်နှင့် ကုန်းမြင့်များ မြင်ကွင်းလုံလောက်မှု မှန်ကန်မှု ရှိ မရှိ တိုင်းတာခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှု စစ်ဆေးစဉ်။ (ဆောက်လုပ်ရေး)

RAIN ဓာတ်ပုံပြိုင်ပွဲဆုရ ဓာတ်ပုံပညာရှင်များအား ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၆

Special Style Photo & Electronics နှင့် Nikon Fans Myanmar တို့ ပူးပေါင်းကျင်းပသော " RAIN " ဓာတ်ပုံပြိုင်ပွဲဆုရ ဓာတ်ပုံပညာရှင်များအား ဆုပေးပွဲ အခမ်းအနားနှင့် Nikon Fans Myanmar ၏ " မြန်မာ့ရှုခင်း " ဓာတ်ပုံပြိုင်ပွဲ မိတ်ဆက်ရှင်းလင်းပွဲ အခမ်းအနားကို ယမန်နေ့တွင် Nikon Fans Myanmar ရုံးအမှတ် ၃၈၈-၃၉၈ Golden Team Mansion ရိုးမဘဏ် အလုံဘဏ်ခွဲ အဆောက်အအုံ ကမ်းနားလမ်း အလုံမြို့နယ် ရန်ကုန်မြို့၌ ကျင်းပရာ အခမ်းအနားတွင် Special Style Photo & Electronics Managing Director ဦးမောင်မောင်ဝင်းက ပထမဆုရ ဦးစောအောင်မင်း (နယူးအာရှ)၊ ဦးထင်လင်း (Golding Arrow)က ဒုတိယဆုရ ဦးကျော်ကျော်ဝင်း၊ (Mps) Special Style Photo & Electronics Director ဦးဇော်မြင့်က တတိယဆုရ ဦးသန့်စင်(ရတနာပုံ)၊ တာဝန်ရှိသူများက နှစ်သိမ့်ဆုရ ဦးတင်မြင့်(စစ်ငြိမ်းပန်း)၊ ဦးပြည်စိုးထွန်းနှင့် စိုင်းခမ်းဟိန်းတို့အား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်သွယ်မေးမြန်း

ထို့နောက် Nikon Fans Myanmar က ကြီးမှူးကျင်းပမည့် " မြန်မာ့ရှုခင်း" ဓာတ်ပုံပြိုင်ပွဲကို စိတ်ပါဝင်စားသူ Nikon DSLR Camera သုံးစွဲသူတိုင်း ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း၊ ပြိုင်ပွဲ Form များကို စတင်ထုတ်ပေးနေပြီဖြစ်ကြောင်းနှင့် ပြိုင်ပွဲအသေးစိတ် အစီအစဉ်များကို စုံစမ်းလိုပါက Special Style Photo & Electronics Nikon Authorized Distributor အမှတ်(၁၈၄-၀၉၂) အခန်း (B-1) မြေညီထပ် နှင်းဆီကွန်ဒို ဗိုလ်တထောင်ဘုရားလမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၀၁၃၈၊ ၃၉၇၆၁၇တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပြီး ပြိုင်ပွဲ၏ Form ပိတ်ရက်သည် ဇူလိုင် ၂၁ရက် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

RAIN ဓာတ်ပုံပြိုင်ပွဲဆုရ ဓာတ်ပုံပညာရှင်များအား ဆုပေးပွဲတွင် Special Style Photo & Electronics Managing Director ဦးမောင်မောင်ဝင်းက ပထမဆုရ ဦးစောအောင်မင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

သံဖြူဇရပ်မြို့နယ် ရပ်ကွက်၊ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲဝင်များအား ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း သင်တန်းဖွင့်လှစ်

သံဖြူဇရပ် ဇွန် ၆

သံဖြူဇရပ်မြို့နယ် ရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲမှ ကြီးမှူးကျင်းပသည့် ၂၀၁၀ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်စု ကော်မရှင် အဖွဲ့ခွဲဝင်များအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းကို ဇွန် ၄ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနခန်းမ၌ ကျင်းပသည်။

တက်ရောက်

သင်တန်းဖွင့်ပွဲသို့ မွန်ပြည်နယ် ကော်မရှင်အဖွဲ့ခွဲဝင် သံဖြူဇရပ်မြို့နယ် တာဝန်ခံဦးကျော်မြင့်၊ မော်လမြိုင် ခရိုင် ကော်မရှင်အဖွဲ့ခွဲဝင် ဦးအောင်မြင့်သိန်း၊ သံဖြူဇရပ်မြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမင်းအောင်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ရပ်ကွက်/ ကျေးရွာများမှ ကော်မရှင် အဖွဲ့ခွဲဝင်များ တက်ရောက်ကြသည်။

ဆွေးနွေးပို့ချ

သင်တန်းဖွင့်ပွဲတွင် မွန်ပြည်နယ် ကော်မရှင်အဖွဲ့ခွဲဝင် ဦးကျော်မြင့်၊ မြို့နယ် ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမင်းအောင် **(အောက်ပုံ)**တို့က အမှာစကားပြောကြားပြီး သင်တန်း တက်ရောက်ကြသည့် ရပ်ကွက်/ ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင်များအား မြို့နယ် ကော်မရှင်အဖွဲ့ခွဲဝင်များက ရွေးကောက်ပွဲ ဆိုင်ရာများကို ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အာရှမသန်စွမ်းသူများ အားကစားပြိုင်ပွဲ တရုတ်နိုင်ငံ ကွမ်ကျိုး၌ ကျင်းပမည်

ရန်ကုန် ဇွန် ၆

၂၀၁၀ အာရှ မသန်စွမ်းသူများအားကစားပွဲ (2010 ASIAN PARA GAMES) ကို ၂၀၁၀ခုနှစ် ဒီဇင်ဘာ ၁၂ရက်မှ ၁၉ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးတွင် ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်မှ ပြေးခုန်ပစ်၊ ဘော်လီဘောနှင့် ရေကူးအားကစားနည်း သုံးမျိုး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ရာ လူရွေးချယ်ရေး အကြိုပြိုင်ပွဲများကို စက်တင်ဘာလ တတိယပတ်အတွင်း ရန်ကုန်မြို့ အောင်ဆန်း အားကစားကွင်းနှင့် သက်ဆိုင်ရာ နေရာများ၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

○ *ကျောဖုံးမှ*

ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်များသို့ မြစ်ကြီးနားမြို့ကို ဗဟိုပြုကာ ယာဉ်ငယ်၊ ယာဉ်လတ်မျိုးစုံ အစီး ၃၉၀ဖြင့် ဒေသခံတိုင်းရင်းသား ခရီးသည်များအား ပို့ဆောင်ပြေးဆွဲပေးလျက်ရှိပေသည်။ အချို့မြို့နယ်များတွင် စုရပ်ပြောင်းကာ တစ်ဆင့်ပြေးဆွဲသဖြင့် အချိတ်အဆက်မိနေသော ကချင်ပြည်နယ် ခရီးသည်ပို့ဆောင်ရေး ကွန်ရက်၏ စနစ်ကျနမှုကို မြင်တွေ့ခဲ့ရသည်။

ပန်းခင်းသောလမ်း

ဆွမ်ပရာဘွမ်မြို့နယ်တွင် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့သော မြို့နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီနာယက ကချင်လူမျိုး ဦးညီပုက "၁၉၈၈နောက်ပိုင်းတွင် ဒေသများ တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်လာကြောင်း၊ ယခင်ကာလမှာ မြစ်ကြီးနားမှ ပူတာအိုသို့ အနည်းဆုံး ခြေကျင် ၁၄ရက်ကြာ သွားလာရသည့်အပြင် မအေးချမ်းကြောင်း၊ ယခု ပန်းခင်းသောလမ်းဖြစ်သဖြင့် မိုးတွင်းကာလ သုံးညအိပ်ခန့်သွားရပြီး ပွင့်လင်းရာသီတွင် တစ်ညသာ အိပ်ရကြောင်း၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ကြီးကြပ်မှုဖြင့် မြစ်ကြီးနား-ပူတာအိုလမ်း ကောင်းမွန်လာသည်နှင့်အမျှ ပူတာအိုဒေသခံတိုင်းရင်းသားများ များစွာကျေနပ်ဝမ်းသာ ပျော်ရွှင်နေကြောင်း၊ စားသောက်ကုန်များ ဝင်ရောက်လာသဖြင့် ဈေးနှုန်းကျလာကြောင်း" ပြောပြသည်။

မြစ်ကြီးနားမှ ပူတာအို မော်တော်ကားလမ်းမပေါ်ရှိ မြစ်ကြီးနားမြို့နယ် အာလပ်၊ တန်ဖရဲ၊ ဖုန်အင်ခ၊ အင်စွတ်စွတ်၊ အင်ဂျစ်ခ၊ တိယန်စွတ်၊ ဆွမ်ပရာဘွမ်မြို့နယ် စွတ်ခါး၊ ဒရခ၊ ကဝပန်၊ ခတ်ခရားယန်၊ မိုင်ထောင်၊ ဆီနင်ခ၊ ဝဆက်ခါး

"၁၉၈၈ခုနှစ်နောက်ပိုင်းဒေသများ ငြိမ်းချမ်းလာသည်နှင့်အမျှ ဖွံ့ဖြိုးတိုးတက်လာပါတယ်၊ မြစ်ကြီးနား-ပူတာအိုလမ်း ကောင်းမွန်လာတာနဲ့အမျှ ဒေသခံတိုင်းရင်းသားများ များစွာကျေနပ် ဝမ်းသာပျော်ရွှင်နေပါတယ်"

ဦးညီပု (ရဝမ်လူမျိုး)
နာယက မထသ၊ မြစ်ကြီးနား။

စသည့် ကျေးရွာများနှင့် ခနွယ်၊ ဖုန်အင်ခ၊ ဖုန်ချန်ခ၊ ပူတာအိုမြို့နယ် ဆွမ်ပီယန်၊ မစွမ်စွတ်၊ ဖယ်မာဂါး စသည့် ကျေးရွာများတွင် မော်တော်ယာဉ်များ ခေတ္တနားသဖြင့် ဒေသခံများ၏ စားသောက်ဆိုင်များ အရောင်းအဝယ် အဆင်ပြေနေကြသည်။

အေးချမ်းတည်ငြိမ်

မော်တော်ကားခရီးစဉ်များ အဆင်ပြေနေမှုကြောင့် မိုးတွင်း၌ တိယန်စွတ်၊ ခတ်ခရားယန်၊ ဖုန်ချန်ခရွာကြီးများတွင် ညအိပ်ကာ ပွင့်လင်းရာသီတွင် ဆွမ်ပရာဘွမ်၌ တစ်ညသာ အိပ်ကြရသည်။ ဒေသအေးချမ်းတည်ငြိမ်လာသဖြင့် သဘာဝအတားအဆီးအန္တရာယ်များမှအပ ဒေသခံ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ သွားလာနေကြသည်။ ခရီးသည်များ မိုးတွင်းကာလ၌ပင် အသွားအလာမပျက် ယခင်ထက်များစွာ တိုးတက်လာသည်ကို ကိုယ်တွေ့ခံစားနေကြရပေပြီ။ တည်ငြိမ်အေးချမ်းမှုနှင့် လမ်းပန်းဆက်သွယ်မှု၊ ကောင်းမွန်မှုတို့၏ ပုံရိပ်များပင်။

ကွန်ရက်သဖွယ်

မြစ်ကြီးနားအခြေပြု မော်တော်ယာဉ်အသင်းများမှာ ဝင်းမော်တော်ယာဉ်အသင်း၊ ဂျိန်းဖောမြေ မော်တော်ယာဉ်အသင်း၊ ကချင်တောင်တန်း မော်တော်ယာဉ်အသင်း၊ ဟူးကောင်းမြေ မော်တော်ယာဉ်အသင်း၊ စစ်မှုထမ်းဟောင်း မော်တော်ယာဉ်အသင်း၊

"အသက်ကယ်အင်္ကျီနှင့် ဖော၊ ပျဉ်ပြားများ ပြည့်စုံစွာရှိမရှိ စစ်ဆေးလျက်ရှိသဖြင့် ရေယာဉ်မတော်တဆမှုများ မရှိပါဘူး"

ဦးစိန်လင်း (ဦးစီးအရာရှိ)
ပြည်နယ်/ပို့ဆက်။

သီဟရာဇာ မော်တော်ယာဉ်အသင်း၊ ကျေးဇူးကမ္ဘာ မော်တော်ယာဉ်အသင်း၊ ငြိမ်းချမ်းမြေ မော်တော်ယာဉ်အသင်း၊ ချစ်ကြည်ရေး မော်တော်ယာဉ်အသင်း၊ ချမ်းမြေ့စည် မော်တော်ယာဉ်အသင်း၊ ရာဇာမင်း မော်တော်ယာဉ်အသင်း၊ ဆွမ်ပရာဘွမ် မော်တော်ယာဉ်အသင်း၊ ဘူးဂါး မော်တော်ယာဉ်အသင်း၊ ရွှေမန်းသူ မော်တော်ယာဉ်အသင်း၊ သစ္စာလှိုင် မော်တော်ယာဉ်အသင်း၊ စိန်ခြသေ့ မော်တော်ယာဉ်အသင်း၊ ရှမ်းအိုးစည် မော်တော်ယာဉ်အသင်း၊ နာဂတောင်တန်း မော်တော်ယာဉ်အသင်းနှင့် ဘမ်ဘင် မော်တော်ယာဉ်အသင်းတို့ ဖြစ်သည်။ မြစ်ကြီးနားမြို့မှ ကွန်ရက်သဖွယ် မောင်းနှင်သွားလာနေသည့် ယာဉ်လိုင်းများက အားရဖွယ်ရာ ဖြစ်သည်။

ပို့ဆောင်

မြစ်ကြီးနားမြို့မှ ဆွမ်ပရာဘွမ်၊ ပူတာအို၊ ဟိုပင်၊ လုံးတုံ၊ ညောင်ပင်၊ ဆဒုံး၊ ကန်ပိုက်တီး၊ ထိန်နန်၊ ဗန်းမော်၊ တနိုင်း၊ ပန်ဆောင်၊ ကာမိုင်း၊ ဖားကန့်၊ ဝိုင်းမော်၊ ချီဖွေ၊ ဖိမော်၊ ဝွေထော်၊ အင်ဂျန်းယန် စသည့် မြို့နယ်များသို့လည်း နေ့စဉ် ခရီးသည်များ ပို့ဆောင်လျက်ရှိသည်။ အခြားဒေသများမှ တင်ပို့သည့် ကုန်စည်များကို ဒိုင်နာကားများဖြင့် တစ်ဆင့် ပြေးဆွဲပို့ဆောင်လျက်ရှိကြောင်း သိရသည်။

ထို့နောက် မြစ်ကြီးနားမြို့ မြို့မ ရပ်ကွက် ရတနာလမ်းရှိ ဝင်းမော်တော်ယာဉ်အသင်းဝင် မေနှင်းဆီကားဂိတ်ဟု လူသိများသည့် မြစ်ကြီးနား-ဖားကန့် ဂိတ်သို့ သွားရောက်လေ့လာခဲ့သည်။



"မြစ်ကြီးနားမြို့ကို ဗဟိုပြု၍ ဟိုင်းလပ်၊ မှန်လုံ၊ ဒိုင်နာ၊ ဗင်စသည့် မော်တော်ယာဉ်ငါးမျိုး၊ စီးရေ ၃၉၅စီးဖြင့် မြို့နယ်အသီးသီးသို့ ခရီးသည်များနှင့် ကုန်ပစ္စည်းများပါ သယ်ဆောင်ပြေးဆွဲပေးနေပါတယ်"

ဦးမျိုးဇော်(ဥက္ကဋ္ဌ)
မထသ၊ မြစ်ကြီးနား။

မေနှင်းဆီအမည်တွင်လာ

အသက်(၆၃)နှစ် ရှိပြီဖြစ်သော်လည်း ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းကို ကျွမ်းကျင်စွာ ဦးစီးဆောင်ရွက်နေသည့် ဒေါ်န္တဲ့နှင့် တွေ့ဆုံရာ ဗင်ကား ၁၆စီးနှင့် ဖိုးဝိုးလ်လေးစီးကို မိသားစုများက ပိုင်ဆိုင်ကြောင်း၊ လွန်ခဲ့သော ၂၁နှစ်မှစ၍ ဖားကန့်သို့ တိုက်ရိုက်မော်တော်ကား ပြေးဆွဲကြောင်း၊ ပထမဆုံးဝယ်သောကားတွင် မေနှင်းဆီဟုရေးထားသောစာလုံးပါသဖြင့် သဘောကျ၍ မေနှင်းဆီအမည်တွင်လာကြောင်း၊ ဝင်းမော်တော်ယာဉ်အသင်း၏ ဦးဆောင်မှုဖြင့်သာ ပြေးဆွဲကြောင်း၊ ဌာနဆိုင်ရာ စာနှင့် ပစ္စည်းများ အခမဲ့ပေးပို့လျက်ရှိကြောင်း ပြောပြသည်။

အားကျဖွယ်ရာ

မြစ်ကြီးနား - ဖားကန့်လိုင်းတွင် နေ့စဉ် အတက် ၁၀စီး၊ အဆင်း ၁၀စီးခန့် လွန်းပြန်ပြေးဆွဲကာ အသေးစား ကားဝပ်ရှော့ဖြင့်တွဲပြီး မော်တော်ကားများ ကြံ့ခိုင်မှုရှိစေရန် ပြင်ဆင်မှု၊ ခရီးသည်များ အိမ်တိုင်ရာရောက် ပို့ဆောင်ခေါ်ယူမှု စသည်ဖြင့် တက်ကြွ လှုပ်ရှားနေသော မိသားစုလုပ်ငန်းတစ်ခုကို အားကျဖွယ်ရာ တွေ့မြင်ခဲ့ရသည်။

မေနှင်းဆီယာဉ်ပိုင်ရှင်အိမ်မှ အဝေးပြေး ယာဉ်ရပ်နားစခန်းသို့ ရောက်သောအခါ လိုင်းကားအသီးသီးက သက်ဆိုင်ရာဂိတ်များမှ ထွက်ရန်ပြင်ဆင်နေကြသည်။ ကားများပေါ်နှင့်ကားအနီးတွင် တိုင်းရင်းသားပေါင်းစုံတို့၏ ရိုးရာစကားသံများကို ကြားရသည်။ စကားသံဝဲဝဲနှင့် ဖြူစင်ရိုးသားလှသော တိုင်းရင်းသားတို့၏ အပြုံးကားခင်မင်စရာ ကောင်းလှသည်။

အနှောင့်အယှက်မရှိ

ပူတာအိုသို့သွားမည့် တိုယိုတာ (ဖိုးဝိုးလ်)ကားပေါ်မှ ရဝမ်လူမျိုး ခရီးသည်တစ်ဦးဖြစ်သူ မအားမုံနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ "ကျွန်မနာမည်က မအားမုံ၊ ရဝမ်လူမျိုးပါ၊ ပူတာအိုမြို့မှာရှိတဲ့ မိဘတွေထံ သွားမှာပါ။ လမ်းမှာ တစ်ညလောက် အိပ်ရတာ မဆန်းဘူး။ ကျွန်မတို့ အမိုင်(အမေ)၊ အဖိုင်(အဖေ)တို့ငယ်စဉ်က ပူတာအို-မြစ်ကြီးနားကို ရက် ၂၀လောက် ခြေကျင်သွားရပါတယ်။ အခု မော်တော်ကားနဲ့ သွားမှာပါ။ လမ်းခရီးအေးချမ်းပါတယ်၊ တစ်ခါတလေတော့ မိုးရွာပြီး တောင်ပြိုကျလို့ လမ်းပျက်တတ်တာ ရှိတတ်ပါတယ်။ အနှောင့်အယှက်မရှိပါဘူး"ဟု မြန်မာစကားသံဝဲဝဲနှင့် ဖြေကြားသည်။

ထို့နောက် မြစ်ကြီးနားမြို့တွင်း ယာဉ်များကို စစ်ဆေးနေသည့် နေရာသို့ သွားရောက်ခဲ့ရာ ခရီးသည်တင် ယာဉ်များ လိုင်စင်ရှိမရှိ၊ ကြံ့ခိုင်မှုရှိမရှိ၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ လိုင်စင်ရှိမရှိနှင့် အရက်သေစာ သောက်စားထားခြင်းရှိမရှိ၊ ခရီးသည်များအပေါ် ဆက်ဆံရေးပြေပြစ်မှု ရှိမရှိ စသည်ဖြင့် စစ်ဆေးကြသည်ကို တွေ့ရသည်။ လမ်းတွင် ယာဉ်မတော်တဆမဖြစ်စေရေးနှင့် ခရီးသည်နှင့် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တို့ ညီအစ်ကိုမောင်နှမသွေးချင်းများသဖွယ် အဆင်ပြေစွာ သွားလာရေးကို သတိပေးကြသည်။ ကျေနပ်စရာပင် ဖြစ်သည်။

သတင်းခရီးသည်တို့ မော်တော်ယာဉ်များကြည့်နေစဉ် ပြည်နယ်ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ဦးစီးမှူး ဦးစိန်လင်း ရောက်ရှိလာပြီး ကချင်ပြည်နယ် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ မော်တော်ယာဉ် ၁၇၄၂စီး၊ ထော်လာဂျီ ၂၆၇၆စီး၊ စက်တပ်ရေယာဉ် ၄၆၇စင်းကို လုပ်ငန်းလိုင်စင်များ ထုတ်ပေးထားကြောင်း၊ သက်ဆိုင်ရာ နယ်မြေဒေသများအလိုက် ခရီးသည်နှင့် ကုန်ပစ္စည်းများ အန္တရာယ်ကင်းရှင်းစွာ ပြေးဆွဲ ပို့ဆောင်ပေးလျက်ရှိကြောင်း၊ ပြည်နယ်ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ တာဝန်ရှိသူများက စက်တပ်ရေယာဉ်ငယ်များတွင် အသက်ကယ်အင်္ကျီနှင့် ဖော၊ ပျဉ်ပြား စသည်များ ပြည့်စုံမှု ရှိမရှိ စစ်ဆေးလျက်ရှိသဖြင့် ရေယာဉ်ကိုယ်ထည်များ ပြုပြင်မွမ်းမံ ဆေးသုတ်ဆောင်ရွက်ကြောင်း ပြောပြသည်။

"ဌာနဆိုင်ရာ စာနှင့် ပစ္စည်း အခမဲ့ ပေးပို့ပေးပါတယ်"

ဒေါ်န္တဲ့
မေနှင်းဆီကားဂိတ်။

ကချင်ပြည်နယ်အတွင်း ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးကို မြို့နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီနှင့် ပြည်နယ်ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနတို့၏ ဟန်ချက်ညီညီ လက်တွဲကာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်လမ်းညွှန်မှု၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်၏ ပံ့ပိုးကူညီမှုဖြင့် လုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရသည်မှာ ကျေနပ်ဝမ်းသာ ဂုဏ်ယူစရာဖြစ်ကြောင်း မြင်တွေ့ ခံစားခဲ့ရသည်။

ကချင်ပြည်နယ် မြို့တော်မြစ်ကြီးနားကို အခြေပြုပြီး ပြည်နယ်အတွင်း ခရီးသွားလာရေး ကောင်းမွန်စေရန် အတတ်နိုင်ဆုံး ကြိုးစားဖြည့်ဆည်းပေးမှုကား တည်ငြိမ်အေးချမ်းနေသော ကချင်ပြည်နယ် ဖွံ့ဖြိုးမှုကို ထပ်ဆင့် လှစ်ဟပြသနေပါကြောင်း။ ။ **(မြန်မာ့အလင်း)**

အနောက်တောင်မုတ်သုံလေ မြောက်ပိုင်းဒေသများသို့ ဝင်ရောက်နိုင်

နေပြည်တော် ဇွန် ၆

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်း၊ တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲ၊ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်း၊ ပဲခူးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော်(ပျဉ်းမနား) ၁ ဒသမ ၀၆ လက်မ၊ နေပြည်တော်(ရေဆင်း) ၀ ဒသမ ၆၃ လက်မ၊ တောင်ငူ(လေကြောင်း)တွင် ၃ ဒသမ ၃၉လက်မ၊ မြင်းခြံမြို့တွင် ၂ ဒသမ ၂၅ လက်မ၊ ဗန်းမော်မြို့တွင် ၂ ဒသမ ၁၂ လက်မ၊ သထုံမြို့တွင် ၁ ဒသမ ၆၅ လက်မနှင့် လားရှိုးမြို့တွင် ၁ ဒသမ ၃၀ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

ဇွန် ၇ ရက် ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများသို့ ဝင်ရောက်နိုင်သည်။

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် ဇွန် ၆

မြေတိုင်းပညာ စိတ်ဝင်စားသူများ တက်ရောက်နိုင်

မြေတိုင်းပညာကို ခေတ်မီနည်းပညာများအသုံးပြု၍ စာတွေ့နှင့် လက်တွေ့ပေါင်းစပ်ပြီး လုပ်ငန်းခွင်ဝင်ရောက်လုပ်ကိုင်နိုင်သည်အထိ သင်ကြားပေးသော Land Survey Training ကို Terra Map Co., Ltd. မှ လစဉ် ဖွင့်လှစ်သင်ကြားလျက်ရှိရာ ဇွန်လဒုတိယပတ်အတွင်း ဖွင့်လှစ်မည်ဖြစ်ပြီး စိတ်ဝင်စားသူများ ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ် အမှတ် ၄၂(ဘီ) ဖုန်း-၀၁-၅၅၃၈၇၅နှင့် ၄၀၀၅၉၉တို့သို့ ဆက်သွယ်စုံစမ်းတက်ရောက်နိုင်သည်။

မော်တော်ယာဉ်နှင့် နေထိုင်မှုဆိုင်ရာပြပွဲ ကျင်းပမည်

မြန်မာနိုင်ငံ၌ ပထမဆုံးနှင့် အကြီးမားဆုံး မော်တော်ယာဉ်နှင့် နေထိုင်မှုဆိုင်ရာ ပစ္စည်းများပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ လာမည့် ဇွန် ၂၆ရက်မှ ၂၈ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပမည် ဖြစ်သည်။

ပုဂံမင်းဆက်များရာဇဝင်စာအုပ် ဝယ်ယူနိုင်

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များစုဝေးရာ ပထမမြန်မာနိုင်ငံတော် ပုဂံမြို့ဟောင်းတွင် ခရစ်နှစ် ၁၀၇ခုနှစ်မှ ၁၃၆၈ခုနှစ်အထိတိုင် နန်းစိုက်ခဲ့သည့် ပုဂံမင်း ၅၅ဆက်တို့အကြောင်း စုစည်းဖော်ပြထားသည့် စာရေးဆရာတက္ကသိုလ်မောင်သုရှိုင်၏ ပုဂံမင်းဆက်များရာဇဝင်စာအုပ်ကို ရွှေမြန်မာစာပေမှ ထုတ်ဝေထားပြီး နေပြည်တော် ပျဉ်းမနား(သရဖူ)စာအုပ်ဆိုင်၊ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်နှင့် ပုဂံညောင်ဦးတို့ရှိ စာအုပ်ဆိုင်ကြီးများနှင့် ရွှေမြန်မာစာပေ ဖုန်း-၀၆၇-၃၆၁၄၂၊ ၀၉-၅၀-၀၆၃၇၇၊ ၅၄၁၆၁၆တို့သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။

အခြေခံဓာတ်ပုံပညာသင်တန်း တက်ရောက်သင်ကြားနိုင်

ဓာတ်ပုံဝါသနာရှင်များအတွက် ကျွမ်းကျင်ပညာရှင်များ၏ သင်ကြားပြသမှုဖြင့် နဝရတ်ဒစ်ဂျစ်တယ် အခြေခံဓာတ်ပုံပညာသင်တန်းကို စာတွေ့၊ လက်တွေ့ဖြင့် သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုပါက ဖုန်း-၃၉၂၀၄၇နှင့် ၅၆၀၆၀၀တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

စာပေဗိမာန် စာအုပ်အသင်းဝင်များသို့ စာအုပ်ဖြန့်ချိ

စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု (၂၀၀၇) သုတပဒေသာ (ဝိဇ္ဇာပညာရပ်)ပထမဆုရ ထင်လင်းကျော်ရေးသားသည့် အောင်ဘာလေထီ သမိုင်းစာအုပ်ကို စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိရာ အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး အသင်းဝင်လိုသူများ ဖုန်း-၀၁-၂၄၉၀၃၁သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

အိုလံပစ်နေ့အထိမ်းအမှတ် စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

၂၀၁၀ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ကလပ်အသင်းပေါင်းစုံ အသင်းလိုက်နှင့် တစ်ဦးချင်း စစ်တုရင်ပြိုင်ပွဲကို ဇွန် ၂၉ရက်မှ ဇူလိုင် ၉ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်လိုသူများ ဇွန် ၂၆ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ရုံးခန်း၌ စာရင်းပေးသွင်းနိုင်ကြသည်။

အမြင်သစ်စာပေ ရှားပါးစာအုပ်ပြသပွဲ ခင်းကျင်းပြသနေ

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့် လောကနတ်ပန်းချီခန်းမ၌ အမြင်သစ်စာပေမှ ရှားပါးစာအုပ်ပြသရောင်းချပွဲနှင့် ပန်းချီပြပွဲကို ဇွန် ၃ရက်မှ ၂၀ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ခင်းကျင်းပြသလျက်ရှိရာ လာရောက်လေ့လာကြည့်ရှုနိုင်သည်။

မသန်စွမ်းသူများ အသက်မွေးဝမ်းကျောင်းပညာ သင်ယူနိုင်

အသက်မွေးဝမ်းကျောင်းပညာ သင်ယူလိုသူ မသန်စွမ်းသူများနှင့် အကြားအာရုံအားနည်းသူများအတွက် စက်ချုပ်၊ ဆံသ၊ အလှပြုပြင်နှင့် ကွန်ပျူတာသင်တန်းများကို AAR (Japan) မှ အခမဲ့သင်ကြားပေးလျက်ရှိရာ တက်ရောက်လိုသူများ ဖုန်း-၀၁-၆၆၁၇၁၂သို့ ဇွန် ၃၀ရက် နောက်ဆုံးထား၍ စုံစမ်းဆက်သွယ်နိုင်သည်။

ကွန်ပျူတာပညာရှင်အသင်း စာမေးပွဲကျင်းပမည်

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း အသိအမှတ်ပြု စာမေးပွဲများကို မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းကကြီးမှူး၍ ဇွန် ၂၀ရက်တွင် နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ မြန်မာအင်ဖိုတက်ခ်၌ ကျင်းပမည်ဖြစ်ရာ ဇွန် ၁၆ရက် နောက်ဆုံးထား စာရင်းပေးသွင်းဖြေဆိုပြီး အသင်းခွဲများရှိရာ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ဧရာဝတီတိုင်းနှင့် ရှမ်းပြည်နယ်တို့တွင်လည်း တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်သည်။ ။ (မြန်မာ့အလင်း)

စုစည်းရေးသားသူ - ဝင်းကျော်

ဇလင်းတန်ဖွံ့ဖြိုးဖို့
စာအုပ်စာပေ လေ့လာစို့

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ (၄)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ နှစ်ပတ်လည်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲ ဖွင့်ပွဲ

တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်အားပေး

နေပြည်တော် ဇွန် ၆

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ဇွန် ၄ရက်က နေပြည်တော်ပျဉ်းမနားမြို့နယ် ပေါင်းလောင်းအားကစားခန်းမ၌ ကျင်းပသည့် နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ (၄)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

အဖွင့်အမှာစကား

ရှေးဦးစွာ နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ နာယက တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ကို ရွတ်ဆိုကြပြီး တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မထသ (အဝေးပြေး)နှင့် တောင်ညို ယာဉ်လိုင်းအသင်းတို့ ဘော်လီဘောယှဉ်ပြိုင်ကစားနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

အကျယ်တဝင့်ရှင်းလင်း

ဆက်လက်၍ နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ (၂၁/၂၀၁၀)ကြိမ်မြောက် အစည်းအဝေးကို ညနေပိုင်းတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းမှူး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားရာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်သွားကြရန် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ကော်မတီ၊ ဆပ်ကော်မတီများအလိုက် ဆွေးနွေးတင်ပြကြပြီး တိုင်းမှူးက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အလုံသ...

ပို့ဆောင်ရေးဝန်ကြီး ဦးသိန်းဆွေ ကြည့်...

နေပြည်တော် ဇွန် ၆

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ... ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အလုံသင်္ဘောကျင်းသို့ရောက်ရှိပြီး အသစ်တည်ဆော... ယာဉ်သစ်များနှင့် ကုန်တင်ရေယာဉ်သစ်များ၊ တန်ချိန် ၁၈၀၀ ကမ်းရိုးတန်းသွား ဆီတင်ရေယ... နေမှုနှင့် ပြီးစီးမှုအခြေအနေ၊ ရေယာဉ်ဟောင်းများ နှစ်ပတ်လည် ကျင်းတင်ပြင်ဆင်ခြင်း... အကြီးစား၊ အသေးစားမွမ်းမံပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်...

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်း... ပို့ဆောင်ရေး အလုံသင်္ဘောကျင်း၌ ကြည့်ရှုစ...

မစ္စတာ တလယ်မိုဟာမက် ဆာဘရီ အဗ္ဗဒူဆလမ်အား ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးခန့်အပ်ရန် သဘောတူညီ

နေပြည်တော် ဇွန် ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး မစ္စတာတာကီဘင်နာဂျီ အဗ္ဗဒူကာဒါ အယ်လ်အလီ၏နေရာတွင် မစ္စတာ တလယ်မိုဟာမက် ဆာဘရီ အဗ္ဗဒူဆလမ်အား ခန့်အပ်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

တာဝန်ထမ်းဆောင်

မစ္စတာ တလယ်မိုဟာမက် ဆာဘရီ အဗ္ဗဒူဆလမ်သည် ၁၉၅၉ခုနှစ်တွင် မွေးဖွားခဲ့ပြီး အဗ္ဗဒူအဇစ် ဘုရင့်တက္ကသိုလ်မှ စီးပွားရေး စီမံခန့်ခွဲမှုဆိုင်ရာဘွဲ့ကို ၁၉၈၂ခုနှစ်တွင် ရရှိခဲ့သည်။ ထို့အပြင် ၎င်းသည် ရီယာဒ်မြို့ သံတမန်လေ့လာရေး သင်တန်းကျောင်းမှ ဒီပလိုမာကို ၁၉၈၆ခုနှစ်တွင် ရရှိခဲ့ပြီး ယင်းနှစ်တွင်ပင် ဆော်ဒီအာရေဗျ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့သည်။ ၎င်းသည် ၁၉၈၇ခုနှစ်မှ ၂၀၀၆ခုနှစ်အထိ လန်ဒန်၊ ဘရပ်ဆဲလ်၊ ဆိုးလ်၊ လစ်ဘွန်း၊ စတော့ဟုမ်း၊ မနီလာ၊ တိုကျိုမြို့များရှိ ဆော်ဒီအာရေဗျသံရုံးများတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုအခါ တိုင်ပေရှိ ဆော်ဒီအာရေဗျ စီးပွားရေးဆိုင်ရာရုံး၏ အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ မစ္စတာ တလယ်မိုဟာမက် ဆာဘရီ အဗ္ဗဒူဆလမ်သည် အင်္ဂလိပ်နှင့် ပြင်သစ်ဘာသာစကားတို့ကို တတ်မြောက်ပြီး အိမ်ထောင်မရှိသူတစ်ဦးဖြစ်သည်။ **(သတင်းစဉ်)**

Concordia International Co.,Ltd. နှင့် Fortune International Limited တို့ ဇွန်လအတွင်း ပူးပေါင်းကျင်းပမည့် မိုးရာသီ အထူးဈေးရောင်းပွဲတော် အကြို စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

မိုးရာသီ အထူးဈေးရောင်းပွဲတော် အကြို စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဇွန် ၆

Concordia International Co.,Ltd.နှင့် Fortune International Limited တို့ ဇွန်လအတွင်း ပူးပေါင်းကျင်းပမည့် မိုးရာသီအထူးဈေးရောင်းပွဲတော် အကြိုစာနယ်ဇင်းရှင်းလင်းပွဲကို မေ ၂၈ရက် မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း ပန်းဘဲတန်းမြို့နယ်ရှိ Central Hotel ၌ ကျင်းပသည်။

ရောင်းချသွားမည်

အဆိုပါ မိုးရာသီအထူးဈေးရောင်းပွဲတော်ကို ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ Central Hotel ၌ ဇွန် ၁၆ရက်မှ ၁၉ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၆နာရီအထိ ကျင်းပမည်ဖြစ်ကြောင်း၊ ဈေးရောင်းပွဲတော်တွင် Concordia International Co.,Ltd. က Fuji Xerox အမှတ်တံဆိပ် ရုံးလုပ်ငန်းသုံး ကာလာလေဆာ Copier Printer၊ Scanner၊ Fax များ၊ AO Size Plotter များ၊ ကျန်းမာရေး အထောက်အကူပြုဆေးရုံလုပ်ငန်းသုံး ပစ္စည်းများဖြစ်သည့် ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ သွေးချိုတိုင်းကိရိယာ၊ သွေးပေါင်ချိန်တိုင်းစက်များ၊ Oxygen Concentrator၊ Patient Monitorများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး မြေတိုင်းပစ္စည်းများဖြစ်သော Topcon အမှတ်တံဆိပ် RTK နည်းပညာသုံး Differential GPS များ၊ Total Station များ၊ Digital Theodolite များ၊ Auto Level များ၊ Garmin အမှတ်တံဆိပ် GPS များ၊ Ohaus ဒစ်ဂျစ်တယ်ချိန်ခွင်များ၊ ELE မြေကြီးနှင့် Concrete အရည်အသွေးစမ်းသပ်သည့်စက်များနှင့် Fortune International Co.,Ltd. က Korea နိုင်ငံလုပ် SIGMA ဓာတ်လှေကားများ၊ စက်လှေကားများ၊ အသည်းဆေး၊ အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေး၊ (Livovax-B)၊ Cycloferon နှင့် Reamberin၊ Albumin၊ တယ်လီဖုန်းလိုင်းခွဲ အိတ်ချိန်းများ၊ လက်ကိုင်ဖုန်းများ၊ GSM Access Kit များ၊ မွေးမြူရေးဆေးဝါးနှင့် အစားအစာများ၊ ပိုးသတ်ဆေးများနှင့် မြန်မာဘာသာဖြင့် အသုံးပြုနိုင်သည့် ရေလုပ်ငန်းသုံး ကိုရီးယားနိုင်ငံမှ Samyung Navigation & Communication ပစ္စည်းများကို ခင်းကျင်းပြသ ရောင်းချသွားမည်ဖြစ်သည်။

ဆက်သွယ်နိုင်

အသေးစိတ်သိရှိလိုပါက Concordia International Co.,Ltd. ရန်ကုန်မြို့ 3rd & 5th Floor ရွှေဂုံပလာဇာ ဗဟန်းမြို့နယ် ဖုန်း-၀၉-၈၀-၃၁၃၇၃၊ ၀၉-၉၉-၂၈၈၁၇၊ မန္တလေးမြို့တွင် အမှတ် (၅) မြေညီထပ် SY အဆောက်အအုံ လမ်း၃၀ ၇၇လမ်းနှင့် ၇၈လမ်းကြား ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၉-၅၀-၆၇၁၇၂၊ ၀၂-၃၆၄၇၈နှင့် နေပြည်တော်တွင် အမှတ် (၁၄၄) သီရိရတနာအဆင့်မြင့်ဈေး ဖုန်း-၀၉-၄၉၂၀၀၉၄၈၊ ၀၆၇-၄၂၀၈၁၉၊ Fortune International Co., Ltd. ရန်ကုန်မြို့ ဖုန်း-၀၁-၂၁၁၃၉၂-၄၊ မန္တလေးမြို့ ချမ်းအေးသာစံ ဖုန်း-၀၂-၃၉၆၃၁-၃၂၊ နေပြည်တော် သီရိရတနာအဆင့်မြင့်ဈေး ဖုန်း-၀၆၇-၄၂၁၁၈၃၊ ၀၆၇-၄၂၁၁၈၅တို့တွင် ဆက်သွယ်နိုင်သည်။ **(သတင်းစဉ်)**

ဥဿာယူနိုက်တက် နိုင်ပွဲဆက်ခဲ့ပြီး မကွေးအသင်းကိုရှုံး၍ ထိပ်ဆုံးနေရာကဖယ်ပေးခဲ့ရတဲ့ ကမ္ဘောဇ

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ - ဖိုးသော်ဇင် ❖ စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး (မြန်မာ့အလင်း)

မန္တလေး ဇွန် ၆

၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၀)ကို ယနေ့ ညနေ ၄နာရီက မန္တလေးမြို့ရှိ ဗထူးကွင်းနဲ့ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းတို့တွင် ဆက်လက်ကျင်းပရာ ဥဿာယူနိုက်တက်အသင်းနဲ့ မကွေး F.C တို့ နိုင်ပွဲတွေ ရခဲ့ကြပါတယ်။

ဗထူးကွင်း

ဥဿာယူနိုက်တက် - သုံးဂိုး။
နေပြည်တော် - တစ်ဂိုး။

ပြန်လည်ချေဖျက်

စင်ကာပူလူမျိုးနည်းပြ ဆီဗာဂျီလက်ထက်မှာ အထိုင်ကျလာပြီဖြစ်တဲ့ ဥဿာယူနိုက်တက်အသင်းဟာ အခုပွဲမှာ ခြေစွမ်းပြပြီး ဂိုးပြတ်အနိုင်ရရှိခဲ့ပါတယ်။ ပြီးခဲ့တဲ့ ပွဲတုန်းက အဆုံးသတ် အားနည်းမှုကြောင့် ရှုံးပွဲ ကြုံတွေ့ခဲ့ရမှုကို အခုပွဲမှာ ဂိုးပြတ်သွင်းပြီး ဥဿာယူနိုက်တက်ကို ပြန်လည်ချေဖျက်ပြခဲ့ပါတယ်။ ဇေယျာရွှေမြေကို သရေကစားပြီး ကတည်းက ရှုံးပွဲဆက်နေတဲ့ နေပြည်တော်အသင်းဟာ အခုပွဲမှာလည်း အရှုံးသံသရာကို ရပ်တည်နိုင်ခြင်း မရှိခဲ့ပါဘူး။

ဥဿာယူနိုက်တက်အသင်းဟာ ပွဲစကတည်းက ဖိဖိစီးစီးကစားသွားပြီး ပထမပိုင်းမှာတင် သုံးဂိုးပြတ်နဲ့ အနိုင်ရနေခဲ့ပါတယ်။ နေပြည်တော်အသင်းဟာ လူစုံပါဝင်လာပေမယ့် ဥဿာကို မယှဉ်နိုင်ခဲ့ဘဲ ကိုးမိနစ်နဲ့ မိနစ် ၄၀မှာ လစ်ပီလစ်ပီက နှစ်ဂိုးနဲ့ ၂၄ မိနစ်မှာ အော်တိုက တစ်ဂိုး သွင်းယူခဲ့ကြပါတယ်။ ပထမပိုင်းမှာ ဂိုးပြတ်အနိုင်ရထားတဲ့ ဥဿာအသင်းဟာ ဒုတိယပိုင်းမှာ ထိန်းကစားသွားပြီး နေပြည်တော်အသင်းအတွက် နှစ်သိမ့်ဂိုးတစ်ဂိုးကိုတော့ မိနစ် ၈၀မှာ ကင်မရွန်းတိုက်စစ်မှူး အရူနာက သွင်းယူခဲ့ပါတယ်။

သုဝဏ္ဏကွင်း

မကွေးအသင်း - သုံးဂိုး။
ကမ္ဘောဇ - တစ်ဂိုး။

အခုပွဲ အနိုင်ရရင် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်မှာဖြစ်ပေမယ့် ကမ္ဘောဇတို့ ခြေစွမ်းမပြနိုင်ဘဲ ဂိုးပြတ် ရှုံးနိမ့်ခဲ့ရပါတယ်။ မကွေးအသင်းကို ပထမဦးဆုံးအကြိမ် အရှုံးပေးခဲ့ရတဲ့ ကမ္ဘောဇအသင်းဟာ ထိပ်ဆုံးနေရာကို ဇေယျာရွှေမြေအသင်းထံ လွှဲပေးခဲ့ရသလို ပထမအကျော့အပြီးမှာ ဒုတိယနေရာမှာ ဆက်လက်ရပ်တည်နိုင်ဖို့ကလည်း ပြိုင်ဘက်တွေရဲ့ရလဒ်တွေကို စောင့်ကြည့်ရတော့မှာဖြစ်ပါတယ်။

...ရကြောင်းပို့ဆောင်ရေး အလုံသဘော်ကျင်း
...ရေးဝန်ကြီး ဦးသိန်းဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၆

...န ဝန်ကြီး ဦးသိန်းဆွေသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်းရှိ ...င်ရေး အလုံသဘော်ကျင်းသို့ရောက်ရှိပြီး အသစ်တည်ဆောက်လျက်ရှိသော ကုန်တင်တွဲ ...ယာဉ်သစ်များ၊ တန်ချိန် ၁၈၀၀ ကမ်းရိုးတန်းသွား ဆီတင်ရေယာဉ်များ အသစ်တည်ဆောက် ... ရေယာဉ်ဟောင်းများ နှစ်ပတ်လည် ကျင်းတင်ပြင်ဆင်ခြင်း၊ အရေးပေါ်ပြင်ဆင်ခြင်းနှင့် ...ပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အလုံသဘော်ကျင်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စည်ပင်သာယာရေးဘဏ်လီမိတက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကျင်းပ
နယ်စပ်/စည်ပင်ဝန်ကြီး ဦးသိန်းညွန့် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇွန် ၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဘဏ်လီမိတက်၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ဇွန် ၄ရက် နံနက် ၇နာရီခွဲက နေပြည်တော်ရှိ ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့် တက်ရောက် အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဘဏ်ဒါရိုက်တာ အဖွဲ့ဝင်များဖြစ်ကြသော ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ စာရင်းစစ်ချုပ်ရုံးနှင့် ဗဟိုဘဏ်တို့မှ တာဝန်ရှိသူများ၊ အစုရှယ်ယာရှင်များဖြစ်ကြသော ပြည်နယ်၊ တိုင်းနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့များမှ ညွှန်ကြားရေးမှူးများ၊ အမှုဆောင်အရာရှိများနှင့် တာဝန်ခံအင်ဂျင်နီယာများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ စည်ပင်သာယာရေးဘဏ်လီမိတက်ဥက္ကဋ္ဌ ဝန်ကြီး ဦးသိန်းညွန့်က စည်ပင်သာယာရေးဘဏ်လီမိတက် ဖွဲ့စည်းတည်ထောင်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ၁၉၉၆ခုနှစ် ဘဏ်စတင်ဖွဲ့စည်း တည်ထောင်ချိန်မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အထိ စည်ပင်သာယာရေးဘဏ်လီမိတက်၏ ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဖတ်ကြားတင်ပြ

ထို့နောက် စည်ပင်သာယာရေးဘဏ်လီမိတက်၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးသို့တင်ပြသည့် ဒါရိုက်တာအဖွဲ့ အစီရင်ခံစာနှင့် နှစ်ချုပ်စာရင်းကို စည်ပင်သာယာရေး ဘဏ်လီမိတက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်လတ်က ဖတ်ကြားတင်ပြပြီး စာရင်းစစ်ကော်မတီ၏ အစီရင်ခံစာကို စာရင်းစစ်ကော်မတီကိုယ်စား ဒါရိုက်တာအဖွဲ့ဝင် ဦးအောင်သန်းမြင့်က ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ဘဏ်ဒါရိုက်တာ အဖွဲ့၏ အစီရင်ခံစာအပေါ် အစုရှယ်ယာရှင်များဖြစ်ကြသော မြို့နယ် စည်ပင်သာယာရေးအဖွဲ့များ ကိုယ်စား ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့များမှ ညွှန်ကြားရေးမှူးများက အကြံပြု တင်ပြဆွေးနွေးကြသည်။

ယင်းနောက် အစုရှယ်ယာရှင်များ၏ အကြံပြု ဆွေးနွေးမှုများအပေါ် ဘဏ် ဒါရိုက်တာအဖွဲ့ အတွင်းရေးမှူး ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်လတ်က ပြန်လည်ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ဖြည့်စွက်မှာကြားသည်။

ဖွဲ့စည်း

ထို့နောက် စည်ပင်သာယာရေးဘဏ်လီမိတက်၏ ဒါရိုက်တာအဖွဲ့ စာရင်းစစ်ကော်မတီကို ဖွဲ့စည်းတင်ပြသည်။

ယင်းနောက် စည်ပင်သာယာရေး ဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဝန်ကြီးက နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှာစကား ပြောကြား

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့် စည်ပင်သာယာရေးဘဏ်လီမိတက်၏ နှစ်ပတ်လည်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့်အဖွဲ့ ဖီဖာကွန်ဂရက်နှင့် ကမ္ဘာ့ဖလားပွဲ ဖွင့်ပွဲ တက်ရောက်ရန် တောင်အာဖရိကသို့ ထွက်ခွာ

ရန်ကုန် ဇွန် ၆

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်ခေါင်းဆောင်သည့် မြန်မာ ဘောလုံး ကိုယ်စားလှယ်အဖွဲ့သည် တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စ်ဘတ်မြို့၌ ဇွန် ၇ရက်မှ ၉ရက်အထိကျင်းပမည့် အာရှဘောလုံးအဖွဲ့ချုပ် အထူးစုံညီအစည်းအဝေးနှင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ အကြိမ်(၆၀)မြောက် အထွေထွေညီလာခံသို့တက်ရောက်ရန် ရန်ကုန်မြို့မှ ယနေ့ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ (ဓါတ်ပုံ)

အာရှဘောလုံးအဖွဲ့ချုပ် အစည်းအဝေးကို ဇွန် ၇ရက်တွင် ကျင်းပမည်ဖြစ်၍ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် အစည်းအဝေးကို ဇွန် ၈ရက်နှင့် ၉ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး အာရှဘောလုံး အဖွဲ့ချုပ်နှင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံ ၂၀၈နိုင်ငံမှ ဘောလုံး အဖွဲ့ ချုပ်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် ကိုယ်စားလှယ် သုံးဦး တက်ရောက်ကြမည်ဖြစ်သည်။

ကြည့်ရှုလေ့လာ

ယင်းအစည်းအဝေးသို့ တက်ရောက်မည့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဂျိုဟန်နက်စ်ဘတ်မြို့ အားကစားကွင်းကြီးတွင် ကျင်းပမည့် ၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် အဖွင့်ပွဲစဉ်ကို ဖီဖာအထူးဧည့်သည်တော်များအဖြစ် ကြည့်ရှုလေ့လာခွင့် ရကြမည်ဖြစ်သည်။

လိုက်ပါ

ဦးဇော်ဇော် ခေါင်းဆောင်သည့် မြန်မာဘောလုံးကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ချုပ်အတွင်းရေးမှူး ဦးတင်အောင်၊ ဘဏ္ဍာရေးမှူး ဦးသန်းဇော်တို့ပါဝင်ပြီး မီဒီယာဒါရိုက်တာ ဦးစိုးမိုးကျော်လည်း ဥက္ကဋ္ဌ၏အစီအစဉ်ဖြင့် လေ့လာသူအဖြစ် လိုက်ပါသွားကြောင်း သတင်းရရှိသည်။ (ဘောလုံးအဖွဲ့ချုပ်)

...ကက်ခဲ့ပြီး ...ပေးခဲ့ရတဲ့ ကမ္ဘောဇ

...မာမာစိုး (မြန်မာ့အလင်း)

...ရပ်တည်နိုင်ဖို့ကလည်း ပြိုင်ဘက်တွေရဲ့ရလဒ်တွေကို စောင့်ကြည့်ရတော့မှာ ဖြစ်ပါတယ်။

အခုပွဲမတိုင်ခင်အထိ သုံးဂိုးသာ ပေးရသေးပြီးအကောင်းဆုံးခံစစ်ပုံစံရထားတယ်လို့ ပြောလို့ရတဲ့ ကမ္ဘောဇအသင်းကတော့ အခုပွဲမှာ မကွေးအသင်းရဲ့ သုံးဂိုးသွင်းယူခြင်းကို ခံခဲ့ရပါတယ်။ အခုပွဲမှာ မကွေးအသင်းရဲ့ ကစားပုံ ကောင်းမွန်ခဲ့သလို နိုင်ငံခြားသား တိုက်စစ်မှူး အာဘိုလာဂျီကလည်း ခြေစွမ်းပြသွားခဲ့ပါတယ်။ တိုက်စစ် ကစားပုံကောင်းတဲ့ မကွေးအသင်း ပွဲစကတည်းက ဖိကစားနိုင်ခဲ့ပြီး ၂၇မိနစ်မှာ အာဘိုလာဂျီက ပထမဂိုး၊ ၃၁မိနစ်မှာ အောင်မြင့်အေးက ဒုတိယဂိုးတို့ကို သွင်းယူခဲ့ပါတယ်။ ဒုတိယပိုင်းမှာတော့ မကွေးအသင်းက တန်ပြန်နဲ့ ကစားသွားပြီး တတိယဂိုးကို ၆၆မိနစ်မှာ အာဘိုလာဂျီက တစ်ကိုယ်တော်အစွမ်းနဲ့ သွင်းယူခဲ့ပါတယ်။ ကမ္ဘောဇအတွက် နှစ်သိမ့်ဂိုးကိုတော့ ၈၃မိနစ်မှာ ပယ်နယ်တီကတစ်ဆင့် စိုးမြတ်မင်းက သွင်းယူခဲ့ပါတယ်။ ။

(မြန်မာ့အလင်း)

ယနေ့ပွဲ

သုဝဏ္ဏကွင်း

ဒယ်လ်တာယူနိုက်တက်- ဆောက်သမ်းမြန်မာ။

နေပြည်တော်တိုက်စစ်မှူး အရူနာ၏ ဂိုးသွင်းရန် ကြိုးပမ်းနေမှုကို ဉသာဂိုးသမား ဒီဂျာနယ် ကာကွယ်စဉ်။

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

မိုးဦးကာလ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် ရေယာဉ်များလုံခြုံရေးအတွက် ရေလမ်းသတိပေးနိုးဆော်ချက်ထုတ်ပြန်

ရန်ကုန် ဇွန် ၆

မြန်မာနိုင်ငံရှိ မြစ်များ၏ ရေနည်းရာသီကာလကုန်ဆုံးပြီး ရေများရာသီသို့ စတင်ရောက်ရှိပြီဖြစ်၍ မုတ်သုံရာသီအစ မိုးဦးကာလများတွင် မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ လေပြင်းများတိုက်ခတ်ခြင်းနှင့်အတူ မြစ်ရေများ မြင့်တက်လာမည်ဖြစ်သည်။ မြစ်ရေ မြင့်တက်လာခြင်းကြောင့် ရေနည်းချိန်ကာလများတွင် ရှိသော သဲသောင်များ၊ ကျွန်းများ ရေမြုပ်၍ ရေမှာပေါက်ဖြတ်လမ်းများ ဖြစ်ပေါ်လာမည်ဖြစ်သည်။

ဂရုပြုမောင်းနှင်

မြစ်ရေတက်လာမှုပေါ်မူတည်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာနိုင်ကြစေရန် လိုအပ်သော ရေလမ်းညွှန်အမှတ်အသားများကို ပြသထားမည်ဖြစ်၍ အလေးထားလိုက်နာကြရန် လိုအပ်သည်။ တစ်ခါတစ်ရံ ရာသီဥတုဒဏ်ကြောင့် စိုက်ထူပြသထားသော အမှတ်အသားများ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များအနေဖြင့် ဂရုပြုမောင်းနှင်ကြရမည်ဖြစ်သည်။

ရေများချိန်ကာလ၌ ရေစီးသန်ခြင်း၊ ဝဲလှည့်ခြင်းများဖြစ်ပေါ်နိုင်သည်။ ရေအနက်မလုံလောက်သည့် ရေမှာပေါက်ဖြတ်လမ်းများအား အသုံးပြု ခုတ်မောင်းခြင်း မပြုကြရန်နှင့် သတ်မှတ်ရေလမ်းအတိုင်း မိမိရေယာဉ်၏ စက်အားနှင့်ရေစီးနှုန်းကို ချင့်ချိန်၍ ဂရုပြုမောင်းနှင်ကြရန် လိုအပ်သည်။

ပြသထား

မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အဝင် ရေလမ်းကြောင်းများတွင် ရေယာဉ်များ ဝင်ရောက်ရမည့်အပေါက်၌ အစိမ်းရောင်တြိဂံအမှတ်အသား ပြသထားပြီး မဝင်ရမည့်အပေါက်၌ အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသထားသည်။ ရေမြုပ်နေသည့် ရေလယ်တိုင်အုတ်ခုံများကို အနီရောင်မီးဖြင့် တံတားပေါင်ပေါ်မှ ပြသထားသည်။

ဖြတ်သန်း

ရေများချိန်တွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အုတ်ခုံများမှာ ရေမြုပ်နေပြီဖြစ်ပြီး ရေလယ်တိုင်နှစ်ခုကြား၌ ရေစီးသန်မည်ဖြစ်သဖြင့် ရေယာဉ်များ မြစ်ကူးတံတားရေလမ်းများသို့ ဝင်ရောက်ဖြတ်သန်းရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ရယူ၍ စက်နှင့် တက်မထိန်းစနစ်များကို ကြိုတင်စစ်ဆေးပြီးမှ ဖြတ်သန်းကြရန်နှင့် တံတားအဝင်ရေလမ်းများ၌ ရေယာဉ်နှစ်စင်း ယှဉ်ပြိုင်ခုတ်မောင်း ခြင်းမပြုကြရန် လိုအပ်သည်။ အထူးသဖြင့် နှစ်စင်းတွဲ တွန်းရေယာဉ်များအနေဖြင့် မိမိသယ်ဆောင်ဝန်အားနှင့် စက်အားကို အထူးချင့်ချိန်တွက်ဆ၍ ဂရုပြုမောင်းနှင်ကြရမည်ဖြစ်သည်။ မနိုင်ဝန်ကို သယ်ဆောင်ခြင်းမျိုး မပြုကြရန်နှင့် မြစ်ကူးတံတားကြီးများအား ဖြတ်သန်းရာတွင် တွဲနှစ်တွဲဖြင့် ဖြတ်သန်းခြင်း မပြုလုပ်ဘဲ တွဲတစ်တွဲချင်းဖြင့်သာ ဖြတ်သန်းကြရန် လိုအပ်သည်။

သတိပေးနှိုးဆော်

ရာသီဥတုပြောင်းလဲမှုကြောင့် ရုတ်တရက် လေပြင်းတိုက်ခတ်မှုများနှင့် မိုးမောင်ကျမှုများ ဖြစ်ပေါ်သည့်အခါ ရေယာဉ်များအနေဖြင့် ဘေးအန္တရာယ် မဖြစ်စေရေးအတွက် အထူးဂရုပြုမောင်းနှင်ကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များလိုက်နာရမည့် နည်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်သွားကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အန္တရာယ်ဟူသည်

ကထိကရဟန်း

အန္တရာယ်ဟူသောစကားကို **'ဘေး'**ဟူသောစကားနှင့်တွဲ၍ ''ဘေး၊ အန္တရာယ်'' ဟု ပြောဆိုသုံးစွဲကြ၏။ ယင်းဘေးအန္တရာယ်ဆိုသော စကား၌ **'ဘေး'**ဆိုသည်မှာ အဘယ်နည်း။ အဘယ်ကို ဘေးဟု ဆိုသနည်း၊ သူ့အဓိပ္ပာယ်က အဘယ်နည်း။ အန္တရာယ်ဆိုသည်မှာ အဘယ်နည်း။ အဘယ်ကို အန္တရာယ်ဟု ဆိုသနည်း။

ဘေး

ထိုစကားနှစ်လုံးတွင် 'ဘေး'ဆိုသည်မှာ ဘယ-ဟူသောပါဠိဝေါဟာရမှ ပြောင်းလာသော ပါဠိသက် ဝေါဟာရဖြစ်၏။ ပြောင်းလာပုံမှာ ဘယ-မှ ''ယ်''သည် ''ဧ''ဖြစ်၍ ''ဘေ''ဟုဖြစ်လာ၏။ ယင်း ''ဘေ''ကို ဝိသဇ္ဇနီဖြည့်၍ ''ဘေး''ဟု အသံလေးလေးဖြင့် ပြောဆိုကြ၏။ ထို့ပြင် ထိုဘေးဟူသောဝေါဟာရကို ဘယဟူသော ပါဠိမှ ပြောင်းလာသည့် ပါဠိသက် ဝေါဟာရတစ်မျိုးဖြစ်သော ''ဘျမ်း''နှင့်တွဲ၍ ''ဘေးဘျမ်း'' ဟုလည်း သုံးကြ၏။ ယင်းဘေးကား သို့မဟုတ် ဘေးဘျမ်းကား အဘယ်နည်း၊ သူ့အဓိပ္ပာယ်မှာ ''ကြောက်စရာ''ဟု ဖြစ်သည်။ ယင်းဘေး တို့ကား မီး၊ လေ၊ ရေစသည်တို့ဖြစ်၏။ မှန်၏၊ မီးသည် လောင်တတ်၏၊ ထို့ကြောင့် ကြောက်စရာဘေးဖြစ်၏။ လေသည် တိုက်လွင့်ဖျက်ဆီးတတ်၏၊ ထို့ကြောင့် ကြောက်စရာဘေးဖြစ်၏။ ရေလည်း နစ်မြုပ်ဖျက်ဆီးတတ်၏၊ ထို့ကြောင့် ကြောက်စရာဘေးဖြစ်၏။

ထို မီး၊ လေ၊ ရေစသော မြောက်မြားစွာသော ဘေးတို့သည် လူတို့ကို မလောင်ကျွမ်း၊ မတိုက်လွင့်၊ မလွှမ်းမိုး၊ မနစ်မြုပ်သမျှ ဘေးသာဖြစ်၏။ အန္တရာယ်မဟုတ်ပေ။

အန္တရာယ်

အန္တရာယ်ဟူသည် အဘယ်နည်း။

အန္တရာယ်ကင်းရပါလို၏-ဟု ဆုတောင်းကြ၏။ သို့သော် အန္တရာယ်ဆိုသည်မှာ ဘယ်အရာဟု မသိကြ။ မကြာလှမီက ပရိတ်ရွတ်ပင့်သဖြင့် လိုက်သွား၏။ ဘာကြောင့် ပရိတ်ရွတ်ချင်တာလဲမေးတော့ အန္တရာယ်ကင်းချင်လို့ပါဟု လျှောက်ကြ၏။ အန္တရာယ်ဆိုတာ ဘာလဲဟုမေးတော့ မသိကြ။ ထိုသို့ လူတွေကဘာမှန်းမသိဘဲ ကြောက်နေကြရသည့်အတွက် အန္တရာယ်။ ထိုအန္တရာယ်ဟူသော စကားမှာလည်း ''အန္တရာယ''ဟူသော ပါဠိဝေါဟာရမှ ပြောင်းလာသော ပါဠိသက်ဝေါဟာရပင် ဖြစ်သည်။

ပါဠိဝေါဟာရ ''အန္တရာယ''ကို မြန်မာတို့က ''အန္တရာယ်''ဟု ခေါ်ကြခြင်းဖြစ်၏။ အန္တရာယ်၏အဓိပ္ပာယ်ကို သိလိုလျှင် ပင်ရင်း ပါဠိဝေါဟာရ အန္တရာယပုဒ်ကို ပုဒ်ခွဲကြည့်ရမည်။ ထိုအန္တရာယဟူသော ပါဠိဝေါဟာရမှာ အန္တရပုဒ်နှင့် အယပုဒ် နှစ်ပုဒ်တွဲထားသော ပုဒ်ဖြစ်သည်။ ထိုနှစ်ပုဒ်တွင် အန္တရဆိုသည်မှာ ''အကြားကာလ''ဟုဆိုလို၏။ အယ-မှာ ရောက်လာသော အကျိုးဟု အဓိပ္ပာယ်ရ၏။ ထိုအဓိပ္ပာယ်ကို အဘိဓာန်ဋီကာက ''စုတိပဋိ သန္ဓိန မန္တရေ အယတီတိ အန္တရာယော''ဟု ဖွင့်သည်။ ထိုအဖွင့်၌ ''စုတိ ပဋိသန္ဓိန မန္တရေ''ဟူသောစကားသည် ''အန္တရ=အကြားကာလ''ဟူသော ပုဒ်ကိုဖွင့်ခြင်းဖြစ်၏။ ထိုအန္တရ=အကြားကာလဆိုသည်မှာ စုတိနှင့် ပဋိသန္ဓေတို့၏ အကြားကာလဟု ဖွင့်ခြင်းဖြစ်သည်။ ရှင်းအောင် ပြောရလျှင် မသေခင် အကြားကာလဟုဆိုလိုသည်။ ''အယတိ''ဟု ဖွင့်ခြင်းမှာ အယ-ပုဒ်ကို ဖွင့်ခြင်းဖြစ်၏။ အဓိပ္ပာယ်မှာ ''ရောက်လာသည်''ဟုဖြစ်၏။ နှစ်ပုဒ်ပေါင်းလိုက်လျှင် ''အန္တရာယ=မသေခင် ရောက်လာသောအကျိုး''ဟု အဓိပ္ပာယ်ရ၏။ ယင်းမသေခင် ရောက်လာသောအကျိုးကိုပင် အန္တရာယ်ဟု ဆိုရခြင်းဖြစ်သည်။

အကျိုး

ထိုမသေမီရောက်လာတတ်သော အန္တရာယ်ခေါ်သော အကျိုး၏ အဓိပ္ပာယ်ကို အဘိဓမ္မာ အနုဋီကာ ပထမအုပ်စာမျက်နှာ ၃ ၌ ''ရောဂါဒိ အနတ္ထာနံ=ရောဂါအစရှိသော မကောင်းကျိုးများ''ဟု ဖွင့်သည်။ သာရတ္ထဒီပနီမည်သော ဝိနည်းဋီကာကြီးက ''ဒိဋ္ဌဓမ္မိကာဒိ အနတ္ထော''ဟု ဖွင့်သည်။ အဓိပ္ပာယ်မှာ ''လက်ငင်းဒိဋ္ဌခံစားရခြင်း စသော မကောင်းကျိုး'' ဟု ဖြစ်သည်။ ဤအဘိဓမ္မာဋီကာကြီးနှင့် ဝိနည်းဋီကာကြီးတို့၏ အဆိုကို ရှင်းအောင်ပြောရလျှင် အန္တရာယ်ဆိုသည်မှာ မသေခင်ရောက်လာတတ်တဲ့ မကောင်းကျိုးများပင် ဖြစ်သည်။

ထိုအန္တရာယ်ခေါ်သော မကောင်းကျိုးတို့မှာ အကုသိုလ်ကံကြောင့်သာ ဖြစ်လာရသည်။ ကုသိုလ်ကံကြောင့် ဖြစ်ပေါ်လာရသည့် အန္တရာယ်ဟူ၍ မရှိပေ။ ထို့ကြောင့် အောက်ပါဆောင်ပုဒ်ကို မှတ်သား ထားသင့်သည်။

- * အန္တရာယ်ဆိုသည်မှာ၊ မှတ်သားပါ၊ သူဟာအကုသိုလ်ရဲ့ အကျိုး။

ဘေးနှင့်အန္တရာယ်

ဘေးနှင့် အန္တရာယ်နှစ်မျိုးတွင် ဘေးသည် ဆိုခဲ့ပြီးသည့်အတိုင်း ကြောက်စရာဟု အဓိပ္ပာယ်ရကြောင်း သိကြရပြီ။ ထိုကြောက်စရာဘေးတို့မှာလည်း မီးဘေး၊ လေဘေး၊ ရေဘေး၊ သူခိုးဘေး၊ ဓားပြဘေး၊ ရောဂါဘေး၊ ဗုံးပေါက်ကွဲမည့်ဘေး စသည်ဖြင့်များလှ၏။ သို့သော် ထိုဘေးတို့သည် အကုသိုလ်ကံ၏ အကူအညီကိုမရမချင်း အန္တရာယ် မဖြစ်နိုင်၊ အန္တရာယ်အဆင့်သို့ မရောက်နိုင်။

ရှင်းအံ့။ မီးဟူသော ကြောက်စရာဘေးသည် မိမိ၏ အကုသိုလ်ကံက နှိုးဆော် ဖိတ်ခေါ်ခြင်းမပြုသမျှ ဘေးသာဖြစ်၏။အန္တရာယ် မဟုတ်သေးပေ။ အန္တရာယ်အဆင့်သို့ မရောက်ပေ။ အကယ်၍ ထိုမီးဘေးကို မိမိ၏ အကုသိုလ်ကံက နှိုးဆော်ဖိတ်ခေါ်ပြီဆိုပါက မီး၏ အလောင်အမြိုက် အဖျက်အဆီးကို ခံရတော့၏။ ထိုအခါမီးသည် အန္တရာယ်ဖြစ်လာတော့၏။ လေကို မိမိ၏ အကုသိုလ်ကံက နှိုးဆော်ဖိတ်ခေါ်ပြီဆိုပါက ထိုလေ၏ တိုက်လွင့် ဖျက်ဆီးခြင်းကိုခံရ၏။ ထိုအခါ လေသည် ဘေးမျှသာမဟုတ်တော့ဘဲ အန္တရာယ်ဖြစ်လာ၏။ ဘေးတစ်မျိုးဖြစ်သော ရေလည်း မိမိ၏အကုသိုလ်ကံက နှိုးဆော်ဖိတ်ခေါ်ခြင်းမပြုသမျှ ဘေးအဆင့်ကမတက်၊ မိမိ၏ အကုသိုလ်ကံက နှိုးဆော် ဖိတ်ခေါ်ပြီဆိုပါက ထိုရေက နစ်မြုပ်ဖျက်ဆီးလေတော့၏။ ထိုအခါရေသည် ဘေးအဆင့်ကိုလွန်၍ အန္တရာယ်ဖြစ်လာ၏။

သူခိုးဘေး၊ ဓားပြဘေး၊ ရောဂါဘေး၊ ဗုံးပေါက်ကွဲမည့်ဘေး စသည်တို့လည်း မိမိ၏ အကုသိုလ်ကံနှင့် ဆက်စပ်နေကြောင်း သိပါလေ။

မည်သူနှင့်ဆိုင်သနည်း

ထိုအန္တရာယ်တို့သည် မည်သူတို့နှင့် ဆိုင်သနည်း။ ရှင်းပါသည်။ အကုသိုလ်ကံကြောင့်ဖြစ်ရသော အကျိုးတရားဖြစ်၍ ကုသိုလ်ကံရှိသူ၊ ကုသိုလ်အမှုပြုနေသူတို့နှင့် မဆိုင်ပါ။ ထို့ကြောင့် ထိုအန္တရာယ်သည် အကုသိုလ်ရှိသူ၊ အကုသိုလ်ပြုသူတို့ ခံရသည့် အမျိုးဖြစ်သည်။

အန္တရာယ်ကင်းအောင်

အန္တရာယ်ကင်းအောင် ဘာလုပ်ကြရမည်နည်း။

မူလဋီကာဆရာကြီးနှင့် မဓုဋီကာဆရာတို့က ''အန္တရာယ်ပြုတတ်သော မကောင်းမှုအကုသိုလ်ကို ဖျက်ဆီးနိုင်သည့် ကုသိုလ်အထူးကို ပြုရမည်''ဟု ဆိုကြ၏။

ထိုအန္တရာယ်ကို ပြုတတ်သည့် အကုသိုလ်ကိုဖယ်ရှားပစ်နိုင်သည့် ကုသိုလ်ဆိုသည်မှာ အဘယ်ကုသိုလ်နည်း။ သိနိုင်ရန် အောက်ပါအကြောင်းအရာ သုံးရပ်တို့ကို လေ့လာကြည့်ကုန်အံ့။

ဝိဋူဍဘအန္တရာယ်

ဝိဋူဍဘမင်းသားသည် မင်းအဖြစ်သို့ရောက်သည်နှင့် ဗုဒ္ဓဆွေတော်မျိုးတော်တို့ဖြစ်သော သကျတို့ကိုသတ်ရန် စစ်တပ်ပြင်တော့သည်။ တစ်နေ့သောအခါ စစ်တပ်ကြီးဖြင့် သကျတို့ကိုသတ်ရန် ကပိလဝတ်နိုင်ငံဘက်သို့ ထွက်လာခဲ့၏။ နယ်ခြားသို့ရောက်လျှင် အရိပ်ကျဲသော သစ်ပင်အောက်တွင် သီတင်းသုံးနေသော ဗုဒ္ဓကိုမြင်သဖြင့် ဆင်ပေါ်မှဆင်းပြီး ''ဤသစ်ပင်၏ အရိပ်က ကျဲလှပါကြောင်း၊ အရိပ်ကောင်းတဲ့ ညောင်ပင်ကြီးအောက်တွင် သီတင်းသုံးတော်မူပါ''ဟုလျှောက်၏။ ဗုဒ္ဓက ''ရှိပါစေ၊ မဟာရာဇ၊ ဆွေတော်မျိုးတော်တို့ရဲ့အရိပ်ကအေးပါတယ်''ဟု မိန့်တော်မူရာ ဆွေတော်မျိုးတော်တို့ကို စောင့်ရှောက်ရန် ကြွတော်မူလာကြောင်း ရိပ်မိသဖြင့် ဗုဒ္ဓကိုရှိခိုးပြီး သာဝတ္ထိသို့ ပြန်လေသည်။

ဤသို့သောနည်းဖြင့် ဝိဋူဍဘမင်းသားသည် သုံးကြိမ်တိုင်ပြန်လှည့်အပြီး လေးကြိမ်မြောက်ထွက်သောအခါ၌မူ ဗုဒ္ဓသည် သကျတို့၏ အတိတ်ကပြုခဲ့သော အကုသိုလ်ကံကို မတားနိုင်မှန်းသိ၍ မကြွတော့ပေ။

ထိုအခါ ဝိဋူဍဘသည် အဘိုးဖြစ်သူ မဟာနာမ်သကျမင်းကြီး၏ အနီး၌နေသူတို့နှင့် တိဏာသာကိယ၊ နဠသာကိယဆိုသူတို့သာချန်၍ ကျန်နို့စို့ကလေးတို့ကိုပါမချန် သတ်လေသည်။ထိုအခါ အချို့သကျတို့သည် မြန်မာပြည်တကောင်းအရပ်သို့ ထွက်ပြေးရောက်ရှိ နေထိုင်ကြကုန်၏။

ဝသဘမင်း

သီဟိုဠ်ကျွန်း၌ ဝသဘမင်း မင်းအဖြစ်သို့ ရောက်သောအခါ ပညာရှိတို့ကို ဆိတ်ကွယ်ရာသို့ခေါ်၍ ကျွန်ုပ်အဘယ်မျှလောက် မင်းပြုရမည်နည်းဟု မေး၍ ၁၂နှစ်ကြာမင်းပြုရမည်ဟု အဟောထွက်သောအခါ ရဟန်းတို့ထံချဉ်းကပ်၍ မင်းသက်ရှည်ခြင်းအကြောင်း ကောင်းမှုတို့ကို မေးလျှောက်၏။ ရဟန်းတို့ဆိုတိုင်းသော ကောင်းမှုကုသိုလ်တို့ကိုပြုလုပ်ရာ မင်းအဖြစ်ဖြင့် ၄၄နှစ်ကြာ ခံစားရ၏။

ရဟန်းတို့က ဝသဘမင်းအား ညွှန်ပြသော ကောင်းမှုတို့မှာ-

(၁) ရေစစ်အလှူ
(၂) ကျောင်းကန်နေရာအလှူ
(၃) လူနာရဟန်းတို့အားပြုစုမှု
(၄) ကျောင်းဟောင်းစသည်ပြုပြင်မှု
(၅) ငါးပါးသီလမြဲမှု
(၆) ဥပုသ်စောင့်သုံးမှုတို့ ဖြစ်သည်။

အာယုဝမုနသတို့သား

အာယုဝမုနသတို့သားလောင်းလျာသူငယ်သည် ခုနစ်ရက်ရှိလျှင် ဘီလူးစားခံရကာ သေရမည့် အန္တရာယ်နှင့် ကြုံနေသည်။ ဗုဒ္ဓ၏ညွှန်ကြားချက်အရ သူ၏ဖခင်ပုဏ္ဏားက အိမ်ရှေ့၌ မဏ္ဍပ်ထိုးပြီး အလယ်မှာ အင်းပျဉ်ငယ်ကိုခင်းကာ သားငယ်ကို သိပ်ထား၏။ ထိုအင်းပျဉ်ကို ဝိုင်းရံကာ ထိုင်စရာခုံများ ခင်းထားရာ ဗုဒ္ဓထံမှ ရဟန်းများကြွလာကာ ခြောက်ရက် တိုင်တိုင် အသံမစဲ ပရိတ်ရွတ်တော်မူကြ၏။ ခုနစ်ရက်မြောက်နေ့သို့ ရောက်သောအခါ ဗုဒ္ဓကိုယ်တော်တိုင်ကြွကာ ရဟန်းများနှင့်အတူ ပရိတ်ရွတ်တော်မူသည်။ထိုအခါ ပရိတ်ရွတ်ပွဲသို့ တန်ခိုးကြီးနတ်များ လာရောက် နာယူကြသဖြင့် စားမည့်ဘီလူး ကလေးအနားသို့ ကပ်ခွင့်မရဖြစ်ကာ သတို့သားငယ် အသက်အန္တရာယ် ကင်းရ၏။

ရှစ်ရက်မြောက်နေ့သို့ ရောက်သောအခါ ဖခင်ပုဏ္ဏားက ကလေးကို ချီ၍ ဗုဒ္ဓကို ရှိခိုးစေရာ ဗုဒ္ဓက ''အသက် ၁၂၀ရှည်မည် မိန့်သဖြင့် အာယုဝမုန သတို့သား''ဟု နာမည်ပေးကြ၏။

အသက် ၁၂၀ရှည်ကာ အဘိဝါဒန သီလိဿ အစချီသော တရားတော်ကို နာယူရကာ သောတာပန် တည်လေသည်။

ဤဝတ္ထု၌ အသက်ရှည်ကြောင်း ကောင်းမှုအဖြစ် ဗုဒ္ဓညွှန်ပြတော်မူသည်မှာ-

အဘိဝါဒနသီလီ	=	အသက်သိက္ခာဂုဏ်ဝါကြီးသူတို့ကို ရှိခိုးလေ့ရှိခြင်း၊
နိစ္စံဝုမာပစာယီ	=	အသက်သိက္ခာဂုဏ်ဝါကြီးသူတို့ကို အမြဲအရိုအသေပြု ပူဇော်လေ့ရှိခြင်းတို့ဖြစ်၏။

သုံးသပ်ချက်

ဤဖြစ်စဉ်(၃)ရပ်ကို သုံးသပ်သောအခါ ဝိဋူဍဘဝတ္ထုပါ အန္တရာယ်မှာ တားဆီးဖြေဖျောက်၍ မရနိုင်သော အန္တရာယ်ဖြစ်ကြောင်း တွေ့ရ၏။

ဝသဘမင်းဝတ္ထုနှင့် အာယုဝမုန သတို့သားဝတ္ထုတို့မှာ အန္တရာယ်ကို တားမြစ်ဖယ်ရှား၍ ရနိုင်ကြောင်း တွေ့ရ၏။ ဋီကာဆရာကြီးများ ပြောသော အန္တရာယ်ကိုပြုတတ်သော မကောင်းမှုအကုသိုလ်ကို ဖျက်ဆီးနိုင်သည့် ကုသိုလ်အထူးဆိုသည်မှာ ဝသဘမင်းပြုသော ကောင်းမှု (၆)ရပ်၊ အာယုဝမုန သတို့သား၏ ကောင်းမှု (၂)ရပ်တို့သာမက နေ့စဉ် နေ့စဉ် စိတ်ပါလက်ပါ ဘုရားရှိခိုးခြင်း၊ ရေတော်ကပ်လှူခြင်း၊ ပန်းတော်ကပ်လှူခြင်း၊ ဆွမ်းတော်ကပ်လှူခြင်း၊ ဆီမီးညှိထွန်းပူဇော်ခြင်း၊ သရဏဂုံသုံးပါးနှင့် ငါးပါးသီလကို ဆောက်တည်၍ လုံခြုံအောင် ထိန်းသိမ်းခြင်း၊ မေတ္တာဘာဝနာ ပွားများခြင်း၊ ပိဋကပတ်ဆွမ်းလောင်းလှူခြင်း၊ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ အားလပ်ချိန်တို့၌ မိမိ၏ သီလတို့ကို စစ်ဆေး၍ သီလာနုဿတိဘာဝနာပွားခြင်း စသည်တို့ဖြစ်၏။ ထိုကုသိုလ်တို့ကို အမြဲမပြတ် စွမ်းအားရှိသမျှ ပြုလုပ်ကြမည်ဆိုပါက ဝိဋူဍဘဝတ္ထု သကျတို့ ခံရသော အတိတ်က အားကြီးသော အကုသိုလ်ကံကြောင့်ဖြစ်သော အန္တရာယ်မျိုးမှတစ်ပါး အခြားသော အန္တရာယ်များ ကင်းနိုင်ရုံမျှသာမက အပါယ်ဘေးကြီးများမှပါ ကင်းဝေးပြီး တစ်နေ့သောအခါ နိဗ္ဗာန်ကို မျက်မှောက်ပြုကြရပေလိမ့်မည်။

- *** အန္တရာယ်ဆိုသည်မှာ၊ မှတ်သားပါ၊ သူဟာအကုသိုလ်ရဲ့အကျိုး။**
- *** အကုသိုလ်ရှိသူ၊ အကုသိုလ်ပြုသူ ခံရသည့်အမျိုး။**
- *** အန္တရာယ်ကင်းလို များလူဗိုလ် ကုသိုလ်ကိုအားကိုး။**

ဘေးနှင့် အန္တရာယ်နှစ်မျိုးတွင် ဘေးသည်ဆိုခဲ့ပြီးသည့်အတိုင်း ကြောက်စရာဟု အဓိပ္ပာယ်ရကြောင်း သိကြရပြီ။ ထိုကြောက်စရာ ဘေးတို့မှာလည်း မီးဘေး၊ လေဘေး၊ ရေဘေး၊ သူခိုးဘေး၊ ဓားပြဘေး၊ ရောဂါဘေး၊ ဗုံးပေါက်ကွဲမည့်ဘေး စသည်ဖြင့် များလှ၏။ သို့သော် ထိုဘေးတို့သည် အကုသိုလ်ကံ၏ အကူအညီကိုမရမချင်း အန္တရာယ် မဖြစ်နိုင်၊ အန္တရာယ်အဆင့်သို့ မရောက်နိုင်။

● *ရွှေဖုံးမှ*

အထွက်တိုး

သတင်းအဖွဲ့သည် ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့ ရွှေပေါက်ကံ ရပ်ကွက်တွင် တည်ရှိသည့် ကညင်ကျိုးဒေသ မတ်ပဲအထွက်တိုး စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီရုံးရှေ့သို့ ရောက်သောအခါ ''ကညင်ကျိုးဒေသ မတ်ပဲအထွက်တိုး စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ'' ဆိုင်းဘုတ်ကြီးက နှစ်ထပ်အဆောက်အအုံနှင့် လိုက်ဖက်စွာ အထင်းသား ဆီးကြိုနေသည်။ မိမိတို့သတင်းအဖွဲ့အား မတ်ပဲအထွက်တိုး စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးငွေစည်နှင့် အဖွဲ့ဝင်တောင်သူများက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် မတ်ပဲ စိုက်ပျိုးထုတ်လုပ်မှုတွင် စီစဉ်ဆောင်ရွက်ခဲ့မှုများကို သိလိုသမျှ စေ့ငုမေးမြန်းခဲ့ရာ ကညင်ကျိုးဒေသ မတ်ပဲ အထွက်တိုး စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ ဒုတိယ

ပဲခူးတိုင်း စစ်တောင်းမြစ်အရှေ့ဘက်ကမ်းဒေသဖြစ်သည့် ရွှေကျင်မြို့နယ် ကျွန်းကြီးကျေးရွာနေ တိုင်းရင်းသားများ CDMA ဖုန်းဖြင့် ဤသို့ ဒေသအနှံ့ ဆက်သွယ်ပြောဆိုနိုင်ကြပေပြီ။

ဥက္ကဋ္ဌ ဦးငွေစည်က ''ကျွန်တော်တို့မြန်မာနိုင်ငံဟာ ယခုအခါ အရှေ့တောင်အာရှနိုင်ငံများအသင်း အာဆီယံအတွင်း ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုမှာ ဦးဆောင်နိုင်ငံ (Leading Country) အဖြစ် ရပ်တည်နေတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ ဒီလိုရပ်တည်နေမှုကို အထောက်အကူဖြစ်စေဖို့ ကျွန်တော်တို့ကော်မတီအနေနဲ့ ရွှေစတုဂံလေးမြို့နယ် ဒေသအတွင်း ကျေးရွာ တာဝန်ရှိသူ ကိုးဦး၊ တောင်သူ ၁၃ဦးတို့နဲ့ ကော်မတီကို စုပေါင်းဖွဲ့စည်းပြီး စုပေါင်းတာဝန်ယူမှုစနစ်ဖြင့် မတ်ပဲအထွက်တိုး စိုက်ပျိုးနိုင်ရေးကို ကြိုးပမ်းဆောင်ရွက်နေတဲ့ ကော်မတီတစ်ခုဖြစ်ပါတယ်''ဟု ရှင်းပြသည်။

ဝင်ငွေတိုး

ကော်မတီ၏ ရည်ရွယ်ချက်နှင့် ပတ်သက်၍ ''ကျေးလက်နေထိုင်သူများအနေနဲ့ အရင်းအနှီး၊ မျိုးနှင့် ထွန်ယက်ကိရိယာများ အပြည့်အဝရရှိရေး၊ မတ်ပဲအထွက်နှုန်း တိုးတက်မြင့်မားရေးနှင့် ပဲစိုက်ကေ အပြည့်အဝ စိုက်ပျိုးနိုင်ရေး၊ ရင်းနှီးမတည်ငွေကို အတိုးမဲ့ရယူပြီး မတ်ပဲပေါ်ချိန်တွင် မိမိကြိုက်နှစ်သက်ရာ နည်းလမ်းဖြင့် ပြန်လည်ပေးဆပ်ရေး၊ စုပေါင်းတာဝန်ယူခြင်းစနစ်ဖြင့် ကျေးရွာအတွင်း စည်းလုံးညီညွတ်မှုကို ပိုမိုရရှိရေး၊ မိသားစုဝင်ငွေတိုးပြီး စိတ်ချမ်းမြေ့စွာ နေထိုင်စားသောက် လျှုဒါန်းနိုင်ရေးတို့အတွက် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီအနေနဲ့ ယခုနှစ် ရွှေစတုဂံလေးမြို့နယ်၊ ကျေးရွာအုပ်စု ပေါင်း ၁၅အုပ်စုမှ တောင်သူ ၈၃၇ဦးတို့ ပဲစိုက်ဧက ၇၀၂၂ ဒသမ၈၆ဧက စိုက်ပျိုးနိုင်ရေးအတွက် ထွန်ယက်ခ၊ ဒီဇယ်ဆီဖိုး၊ မတ်ပဲမျိုးဖိုး၊ ဆေးဖိုးစတာတွေကို ဖြည့်ဆည်းစီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။ ရင်းနှီးမတည်ငွေအဖြစ် ရန်ကုန်မြို့ Sunfar ကုမ္ပဏီမှ အတိုးမဲ့ စိုက်ထုတ်ပေးခြင်းဖြစ်ကြောင်းနှင့် ၎င်းရင်းနှီးငွေများကို မတ်ပဲပေါ်ချိန်တွင် ကာလပေါက်ဈေးဖြင့် မတ်ပဲ ပြန်လည် ရောင်းချပေးခြင်းသို့မဟုတ် ငွေသားဖြင့် ပြန်လည်ပေးဆပ်ခြင်းကို မိမိကြိုက်နှစ်သက်ရာစနစ်ဖြင့် စုပေါင်းတာဝန်ခံ၍ ပေးဆပ်သွားနိုင်ပါတယ်''ဟု ဆက်လက်ရှင်းပြသည်။

စိုက်ပျိုး

ထို့အပြင် မတ်ပဲအထွက်တိုး စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးငွေစည်ဦးဆောင်သည့် သတင်းအဖွဲ့သည် ပိန်းဇလုပ်ကညင်ကျိုး ကျေးလက်ဖွံ့ဖြိုးရေး ဂဝံလမ်းအတိုင်း ဆိုင်ကယ်များစီးနင်း၍ ပူပြင်းလှသော နွေရာသီ၏ နေအပူကို အန်တုပြီး ရှေ့ခရီးဆက်ကြသည်။ ဦးတည်ရာကား စစ်တောင်းမြစ်အရှေ့ဘက်ကမ်း မတ်ပဲ အထူးအထွက်ကောင်းသော ရွှေကျင်မြို့နယ်နှင့် ကျောက်ကြီးမြို့နယ် ကျေးရွာများဆီသို့ပင်....။

''မတ်ပဲအထွက်တိုး စိုက်ပျိုးနိုင်ရေး ကြိုးပမ်း ဆောင်ရွက်နေတဲ့ ကော်မတီတစ်ခုဖြစ်ပါတယ်။''

ဦးငွေစည် (ဒုတိယဥက္ကဋ္ဌ)
ကညင်ကျိုးဒေသ၊ မတ်ပဲအထွက်တိုး
စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ၊
ပိန်းဇလုပ်မြို့။

သတင်းအဖွဲ့ ကျောက်ကြီးမြို့နယ် ထိုးဝါးစိုက်ကျေးရွာသို့ ရောက်ရှိပြီးနောက် အသက် (၅၂)နှစ်အရွယ် တောင်သူ ဦးစောဘီဟဲနှင့် တွေ့ဆုံ၍ ယခုနှစ် မတ်ပဲ အထွက်နှုန်း အခြေအနေကို မေးမြန်းရာ ''ယခုနှစ် မတ်ပဲအထွက်နှုန်း ကောင်းမွန်သည်မှာ မှန်ကန်ကြောင်း၊ မတ်ပဲ သဘာဝမှာ ရာသီဥတုကောင်းမွန်မျှတမှု လိုအပ်ကြောင်း၊ အထူးသဖြင့် မတ်ပဲမှာ မြေအစိုဓာတ်ကို အထူးနှစ်သက်ကြောင်း၊ ထို့ကြောင့် ဆောင်းသီးနှံဖြစ်သည့် မတ်ပဲကို မြေအစိုဓာတ် မဆုတ်ခင် မိုးစပါးများကို အမြန်ဆုံး ရိတ်သိမ်းပြီး တန်ဆောင်မုန်းလပြည့်အတွင်း အမီစိုက်ပျိုးပါက အထွက်နှုန်းကောင်းဖို့ သေချာကြောင်းနှင့် ယခုနှစ် မတ်ပဲအထွက်နှုန်းကောင်းသည်မှာ ရာသီဥတုကောင်းမွန်မျှတပြီး စိုက်ပျိုးချိန် ရာသီမီခဲ့လို့ဖြစ်ကြောင်း'' သတင်းအဖွဲ့အား ပြောကြားသည်။

ဈေးပိုကောင်း

ထို့နောက် ရွာ၏ရပ်မိရပ်ဖ ရှေ့မီ၊ နောက်မီ အသက် (၆၄)နှစ်ကျော်အရွယ် ဦးနီကွေးအား ဆက်လက်မေးမြန်းရာ ''ယခုနှစ် မတ်ပဲစိုက်ခင်းများမှာ ယခင်နှစ်ကထက် အထွက်နှုန်းကောင်းသည်မှာ မှန်ကန်ကြောင်း၊ မိမိအနေဖြင့် လယ်မြေဧက ၄ဒသမ၄၀ဧကတွင် မတ်ပဲ စိုက်ပျိုးခဲ့ရာ ၁၀၂တင်းရရှိခဲ့ကြောင်း၊ ဒါ့အပြင် မတ်ပဲဈေးနှုန်းဟာလည်း ယခင်နှစ်ကထက် ယခုနှစ် ဈေးပိုကောင်းလာသည့်အတွက် တောရွာတိုင်း ဖြောစည်သံမြိုင်မည့် နှစ်ဖြစ်ပါကြောင်း'' ဟု ရှင်းလင်းပြောကြားသည်။

တွေ့ဆုံမေးမြန်း

ဆက်လက်ပြီး မိမိတို့သတင်းအဖွဲ့သည် ကျောက်ကြီးမြို့နယ် ထိုးဝါးစိုက်ကျေးရွာနှင့် အလှမ်းမဝေးလှသော ရွှေကျင်မြို့နယ် ကရင်ကျွန်းကြီးကျေးရွာသို့ သွားရောက်၍ ကရင်ကျွန်းကြီးကျေးရွာ ရပ်မိရပ်ဖတစ်ဦး ဖြစ်သူ အသက်(၆၇)နှစ်ရှိ ဖထီးဦးစောစံလုံးအား ကျေးလက်ဖွံ့ဖြိုးရေးနှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းခဲ့ရာ ဖထီးက သူ့အမြင်၊ သူ့အတွေးတို့ကို အေးဆေးဖြည်းညင်းစွာဖြင့် ရှင်းပြသည်။

ဖွံ့ဖြိုးတိုးတက်လာ

''အခုဆိုရင် ဖထီးတို့ စစ်တောင်းမြစ်အရှေ့ဘက်ကမ်း ကျေးရွာတွေဟာ ဟိုယခင် ကျေးလက်ရှုခင်းနဲ့ မတူတော့၊ ယနေ့ ကျေးလက်ရှုခင်းတွေက အိမ်ကြီးအိမ်ကောင်းအတော်များလာတာကို တွေ့ရတယ်၊ ကျောင်းနေအရွယ် ကလေးတိုင်းလိုလို ကျောင်းသွားကြတာမြင်ရတယ်၊ အိမ်တွေမှာ၊ လယ်တောတွေမှာ ရေဒီယို

''အခုတော့ စိတ်အေးချမ်းသွားပြီ။ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးတွေလည်း လုပ်ကိုင်နိုင်ပြီ။''

ဦးစောမောင်(ရပ်မိရပ်ဖ)
ကျွန်းကြီးကျေးရွာ၊ရွှေကျင်မြို့နယ်။

တွေ ဖွင့်နေတာကြားရတယ်၊ အချို့အိမ်တွေမှာ ရုပ်မြင်သံကြား ကြည့်နိုင်ကြတယ်။

ထွန်ယက်

ညတိုင်း ဗီဒီယိုရုံတွေမှာ စည်ကားနေတယ်၊ အခုဆိုရင် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးရဲ့ စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ကျေးရွာစာကြည့်တိုက်တွေ၊ မူလတန်းကျောင်း၊ အလယ်တန်း ကျောင်းခွဲတွေအပြင် ဆက်သွယ်ရေး စီဒီအမ်အေတယ်လီဖုန်းတွေရှိနေပြီ။ ဒါတင် မကသေးဘူး လယ်တောထဲမှာ ရေစုပ်စက်နဲ့ ရေတင်သံ၊ လက်တွန်းထွန်စက်နဲ့ ထွန်ယက်သံတွေ ကြားနေရပြီ။ ဆိုင်ကယ်သံတဝီဝီဖြင့် သွားလာနေကြတာကိုမြင်နေရပြီ။ ဒီလိုပြောင်းလဲ ဖွံ့ဖြိုးတိုးတက်လာမှုဟာ ငြိမ်းချမ်းရေးရဲ့ အသီးအပွင့်တွေပဲ'' ဟု ဖထီးက မမောနိုင် မပန်းနိုင် ရှင်းလည်းရှင်းပြ ကျေးရွာအနှံ့ လိုက်လည်း လိုက်ပြပါသည်။

စိုးရိမ်ထိတ်လန့်

ဆက်လက်ပြီး ကရင်ကျွန်းကြီးကျေးရွာမှ အသက် (၇၉)နှစ်ရှိ တောင်သူ ဖထီးဦးစောမောင်က ''ဒီဘက်မှာ ပစ်ခတ်သံတွေမကြားရတာ အတော်လေးကြာနေပြီ၊ ဟိုအရင်ကဆိုရင် ခဏခဏ ဝင်ပစ်၊ ခဏခဏမိုင်းခွဲကြလို့ အိပ်ကောင်းတိုင်း မအိပ်ရ၊ စားကောင်းတိုင်း မစားကြရဘူး။ အသက်ကို ဖက်နဲ့ထုပ်ထားရသလိုပါပဲ။ အမြဲစိုးရိမ်ထိတ်လန့်နေရတယ်၊ အခုတော့ စိတ်အေးချမ်းသွားပြီ။ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးတွေလည်း လုပ်ကိုင်နိုင်ပြီ''ဟု သတင်းအဖွဲ့သို့ ပြောကြားသည်။

မြင်တွေ့ခံစား

ပဲခူးတိုင်း ရွှေစတုဂံလေးမြို့နယ် စစ်တောင်းမြစ်ဝှမ်းအရှေ့ဘက် ကျေးရွာများသည် တစ်ချိန်က နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုမရှိခဲ့၍ တစ်ဝမ်းတစ်ခါးအတွက် ခဲယဉ်းစွာ ရုန်းကန်လှုပ်ရှားနေထိုင်လာခဲ့ကြရာမှ ယခုအခါ တည်ငြိမ်အေးချမ်းမှုဖြစ်ထွန်းလာသဖြင့် စိုက်ပျိုးရေး၊ စီးပွားရေး၊ ပညာရေး၊ ဆက်သွယ်ရေးလုပ်ငန်းများ ယခင်နှင့်မတူ အခွင့်အလမ်းများ ပွင့်လန်းနေပြီဖြစ်ရာ ယင်းတို့အနက်မှ စိုက်ပျိုးရေး ဖြစ်ထွန်းအောင်မြင်မှုများကြောင့် ဒေသဖွံ့ဖြိုးမှုပုံရိပ်များ ပြောင်းလဲဝေဆာနေမှု အလှကို ကိုယ်တိုင်မြင်တွေ့ ခံစားခဲ့ရပါကြောင်း ။ ။ **(မြန်မာ့အလင်း)**

ပိန်းဇလုပ်မြို့တွင် ရွှေစတုဂံလေးမြို့နယ် ကျေးရွာများမှထွက်ရှိသော ပြည့်ပပို့ကုန် မတ်ပဲများကို အိတ်များဖြင့် ရန်ကုန်မြို့သို့ တင်ပို့ရန် ကုန်တင်ယာဉ်ကြီးများပေါ် ဤသို့ တင်နေကြသည့် မြင်ကွင်းကလည်း ပဲခူးတိုင်းသားတို့၏ စိုက်ပျိုးမှုစွမ်းအားကို လှစ်ဟပြသနေပေသည်။

ပိန်းဇလုပ်မြို့နယ် မဂ်လာတံတားဖွင့်

ပိန်းဇလုပ် ဇွန် ၆

ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့မှ ကံကလေး၊ ရေတွင်းကုန်း၊ ကျောင်းကုန်း၊ အင်းပိရိ စစ်တောင်းမြစ်အရှေ့ဘက်ကမ်းကျေးရွာများသို့ ဆက်သွယ်သွားလာနိုင်သော မြေသားလမ်းမကြီးပေါ်တွင် ရေတွင်းကုန်းကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုး တည်ဆောက်ထားသည့် ရောက်သွားကုန်းတံတား(ခ) မင်္ဂလာတံတားဖွင့်ပွဲကို မေ ၂၄ ရက် နံနက်စနာရီက အဆိုပါတံတားမင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

တက်ရောက်

ဖွင့်ပွဲသို့ ကျေးရွာဥက္ကဋ္ဌ ဦးမြင့်စိန်၊ ပိန်းဇလုပ်ရဲတပ်ဖွဲ့စခန်း စခန်းမှူး ရဲအုပ်ဝင်းမောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ အလှူရှင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖွင့်လှစ်

ဖွင့်ပွဲတွင် ကျေးရွာဥက္ကဋ္ဌဦးမြင့်စိန်၊ ရပ်မိရပ်ဖဦးစောဘီသန်း၊ ဦးတင်ရွှေတို့က တံတားဆောက်လုပ်ရာတွင် လှူဒါန်းကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ကာ ဖွင့်လှစ်ပေးသည်။

ကျပ်သိန်း၅၀ကျော်

အဆိုပါတံတားသည် သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး အရှည်ပေ၄၀၊ အကျယ် ၁၈ပေရှိပြီး ကျပ်သိန်း၅၀ကျော် အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ (ဝ၆၅)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၆-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ ရတနသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ** ဟောကြားတော်မူသော တရားတော်
- ၆:၄၅ ပတ္တမြားမြေပေါ်မှ သိင်္ဂါရောင်မြင်ကွင်းများ
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၉)
- ၈:၃၀ Sports World Contender **(Portugal and Nigeria)**
- ၈:၅၅ ချင်းတောင်မှသာသနာ့အမွေခံ
- ၉:၂၅ Global Panorama
- ၁၀:၁၀ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ **ဆွေတစ်ရာ မောင်တစ်ကိုုပ်**
- ၁၀:၄၅ ဒို့တိုင်းဌာနီ ရောဝတီ (ကြီးမားဖွံ့ထွား ဧရာဝတီရဲ့ငါး)
- ၁၁:၁၀ ကလေးတေးသရုပ်ဖော်အစီအစဉ်
- ၁၁:၃၅ International Show Biz
- ၁၁:၅၀ Activities in the City အမျိုးသမီးများတွင်အဖြစ်များသော ကင်ဆာရောဂါအကြောင်း ဟောပြောပွဲ)
- ၁၂:၀၀ စာအုပ်ပြခန်း (စာရေးဆရာဒေါက်တာ ထွန်းဝင်းနှင့်တွေ့ဆုံခြင်း)
- ၁၂:၂၀ အလှကြွယ်တဲ့မြို့ပျော်ဘွယ်
- ၁၂:၄၀ ဟူးကောင်းချိုင့်ဝှမ်းမှ ဆင်သုတေသနလုပ်ငန်း
- ၁:၀၀ **ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ** ဟောကြားတော်မူသော တရားတော်
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Celebrity Profile (Justin Timberlake)
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၉)
- ၄:၀၀ မိုးအလှပန်းချီတေးကိုသီ
- ၄:၁၅ ဦးဆုံးအစဘာဝရဲ့အလှ (ချစ်စနိုးဦးရဲ့ ဦးဆုံးအစဘာဝအလှ)
- ၄:၃၀ **ကျုန်ရစ်ခဲ့သော ခြင်ထောင်လေးတစ်လုံး** ဖိုးသောကြာ၊ အိုင်းရစ်လေပြေဦး၊ ဒေါ်ခင်လေးဆွေ (ဒါရိုက်တာ-အကယ်ဒမီဆွေဇင်ထိုက်)
- ၄:၄၅ Activities in the City (အမျိုးသမီးများတွင်အဖြစ်များသော ကင်ဆာရောဂါအကြောင်း ဟောပြောပွဲ)
- ၄:၅၅ ကလေးတေးသရုပ်ဖော်အစီအစဉ်
- ၅:၁၅ သဘာဝကပေးတဲ့အကျိုးအာနိသင် (ရိုးရိုးလေး) အကယ်ဒမီဖိုးကျော်၊ ချစ်ဖွယ်၊ မေမြတ်ဆွေ၊ ဒေါ်အောင်မြင့်ကြည်၊ အိဖြိုးချယ်ရီ [ဒါရိုက်တာ-ကြည်သာ(ပွဲကြိုက်ခင်)]
- ၅:၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ဒို့တိုင်းဌာနီ ရောဝတီ (ကြီးမားဖွံ့ထွား ဧရာဝတီရဲ့ငါး)
- ၆:၄၅ International Show Biz
- ၇:၀၀ အနုပညာမိုးကောင်းကင်
- ၇:၂၅ စာအုပ်ပြခန်း (စာရေးဆရာဒေါက်တာထွန်းဝင်းနှင့် တွေ့ဆုံခြင်း)
- ၇:၄၀ ဦးဆုံးအစဘာဝရဲ့အလှ (ချစ်စနိုးဦးရဲ့ ဦးဆုံးအစဘာဝအလှ)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ Celebrity Profile (Justin Timberlake)
- ၉:၁၀ အနုပညာမိုးကောင်းကင်
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၉)
- ၁၀:၀၀ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ **ဆွေတစ်ရာ မောင်တစ်ကိုုပ်**
- ၁၀:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၀:၅၀ သဘာဝကပေးတဲ့အကျိုးအာနိသင် (ရိုးရိုးလေး) အကယ်ဒမီဖိုးကျော်၊ ချစ်ဖွယ်၊ မေမြတ်ဆွေ၊ ဒေါ်အောင်မြင့်ကြည်၊ အိဖြိုးချယ်ရီ [ဒါရိုက်တာ-ကြည်သာ(ပွဲကြိုက်ခင်)]
- ၁၁:၁၀ ချင်းတောင်မှ သာသနာ့အမွေခံ
- ၁၁:၄၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ

အုပ်စု (ဂ) နှင့် (ဃ) အသင်းတို့မှ ကစားသမားများစာရင်း

➢ စုစည်းရေးသားသူ - မောင်မောင်မြင့်ဆွေ ➢ စာမျက်နှာဖွဲ့စည်းမှု - ညဏ်ဖြိုး (မြန်မာ့အလင်း)

ကိတ်ပ်တောင်း ဇွန် ၆

၂၀၁၀ တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင် နိုင်ငံတကာဘောလုံးအသင်းများ ပြိုင်ပွဲဝင်ရန် အသင့်ရှိနေကြပြီဖြစ်သည်။ ဘောလုံးအသင်းများ၏ ကစားသမား ၂၃ဦး စာရင်းများလည်း ထုတ်ပြန်ထားပြီးဖြစ်ရာ ယင်းဘောလုံးသမားစာရင်းများအနက် အုပ်စု(ဂ)နှင့် အုပ်စု(ဃ)တို့မှ အသင်းတို့၏ကစားသမားများစာရင်းကို စုစည်းဖော်ပြလိုက်ရပါသည်-

အုပ်စု (ဂ)

အင်္ဂလိပ်ကျိုးရီးယားအသင်း

ဂိုး - လိုနက်စ်(အက်စ်ဆို)၊ ချောချီ(အင်တင်တီ)၊ အမ်ဘိုလ်ဟီ(ခလာဗီးရာ ဆိုဖီယာ)

နောက်တန်း - လီဖေရီ(အင်တင်တီ)၊ ဘောဟာရာ(ရိန်းဂျား)၊ မက်ဂျာနီ(အေဂျာစီရို)၊ ဟယ်လီချီ(နာစီရိုနယ်)၊ ယာဟီရာ(ဘိုချန်)၊ ဘီလစ်(ဘိုလော့ဆူမာ)၊ ဘီဟက်ဂျေ(ပို့စ်မောက်)၊ မက်စ်ဘတ်(လက်စီ)

အလယ်တန်း - ဟက်ဆန်(ပို့စ်မောက်)၊ လာဆင်(ရေဆင်း)၊ ယာဇစ်(လောရင့်)၊ ဂွီဒီရိုရာ(ဝုဗ်)၊ ဘူဒီဘော့စ်(ဆိုချော့)၊ အဘီဒမ်(နန့်စ်)၊ ကာဒီရာ(ဗာလင်စီနက်စ်)၊ ဇိုင်ရာနီ(ဝုဗ်ဘတ်)၊ မက်မိုရာ(ဘော့စီရာ)

ရှေ့တန်း - ဂျီဟက်ဖယ်(ဆီနာ)၊ ဒီဂျော်ဘာ(အေအီးကေ)၊ ဆိုင်ဖီ(အီစတက်စ်) တို့ ဖြစ်ကြသည်။

အမေရိကန်အသင်း

ဂိုး - ဂူဇန်(ဗီလာ)၊ တင်ဟောင်းဝပ်(အဲဗာတန်)၊ မာကပ်စ်(ဝုဗ်)

နောက်တန်း - ဘိုကာနေဂရာ(ရီးနက်စ်)၊ ဂျိုနသန်(ချီဗက်စ်)၊ ချီရမ်ဒိုလို(ဟန်နိုဗာ)၊ ဒီမီရစ်(ဝက်စ်ဖို့ဒ်)၊ ဂွတ်ဆင်(အီဟောစတပ်)၊ အိုဂူချီ(အေစီမီလန်)၊ ဂျိုနသန်စပက်တာ(ဝက်စ်ဟမ်း)

အလယ်တန်း - ဘီအက်ယေ(အက်တက်ချီ)၊ ဘရက်လေ(ဘိုယူစီရာ)၊ ရီကာဒိုခရက်(ဟိုစတန်)၊ ဒင်ပဆီ (ဖူလ်ဟမ်)၊ ဒိုနိုဗန် (ဂလက်စီ)၊ အီဒူ(ရိန်းဂျား)၊ ဖီလ်ဟာဘာ(အောဟက်စ်)၊ ဟိုလ်ဒင်(ဘိုလ်တန်)၊ ဂျို့စ်တောရက်စ်(ပါချူကာ)

ရှေ့တန်း - အယ်တီဒိုရီ(ဗီလာရီးရဲ)၊ ဘတ်ဒလီ(ဂလက်စီ)၊ ဖန်လီ (ရီရဲစလက်)၊ ရိုမက်ဇ်(ပူဘီလာ)တို့ ဖြစ်ကြသည်။

အင်္ဂလန်အသင်း

ဂိုး - ဒေးဗစ်ဂျိမ်းစ်၊ ဂရင်းနှင့် ဟက်ဒ်၊

နောက်တန်း - အက်ရှ်လေကိုး၊ တယ်ရီ၊ ဒေါ်လ်ဆင်၊ ဂွန်ဆင်၊ အက်ဆွန်၊ ကာရေဂါ၊ ကင်းနှင့် ဘားနက်၊

အလယ်တန်း - ဂျရတ်၊ ဘယ်ရီ၊ လမ်းပတ်၊ လီနွန်၊ ဝေါလ်ကော့သ်၊ မီလ်နာနှင့် ဂျက်ဆင်၊

ရှေ့တန်း - ရွန်နေ၊ ခရောက်ချ်၊ ဟတ်စကီး၊ ဒီဖိုးနှင့် ဘင့်တို့ ဖြစ်ကြသည်။

ဆလိုဗေးနီးယားအသင်း

ဂိုး - ဟန်ဒိုနိုဗစ်(အူဒီနိစ်)၊ ဂျက်မင်(မင်တိုဗာ)၊ ဆီလီဂါ (စပါတာရော့တာဒမ်)

နောက်တန်း - ဂျိုကစ်(ချီယေဗို)၊ ဆူလာ(ဂျီဟန့်)၊ ဆီဆာ(ဂီနိုဘီလီ)၊ အီလစ်(လိုကိုမိုးတစ်)၊ မာဗစ်(ကိုဘလန့်ဇ်)၊ ဒီစီနစ်(မာဘော)ဘီရက်ကို(ကိုလုန်း)၊ ဖလီကိုဗစ် (လာရီဆာ)၊ ဘီရာဆာ(အောစီရီ)

အလယ်တန်း - ကီလမ်(ဝစ်သာ)၊ ကိုမက်(မက္ကာဘီ)၊ ကာဟင်(အင်တာမီလန်)၊ စတီဗာနိုဗစ်(ဗီလက်စီ)၊ ဗာတာ(အေစီရီ)

ရှေ့တန်း - နိုဗာကိုဗစ်(ကိုလုန်း)၊ ဒီဒစ်(ဘိုချန်)၊ လူဘီဂျန်ကစ်(ဂန့်)၊ ပီနက်စ်(နာစီရိုနယ်)၊ မာတက်ဇ်(ဂရိုနင်ဂန်)တို့ ဖြစ်ကြသည်။

အုပ်စု (ဃ)

ဩစတြေးလျအသင်း

ဂိုး - ရှဝါဇာ(ဖူလ်ဟမ်)၊ ဖီဒီရီစီ(ရက်ဒင်း)၊ ဘရက်ဂျိုနက်စ် (မစ်ဒယ်ဘရော့)

နောက်တန်း - လူကပ်စ်နေးလ်(ဂါလာတာစာရေး)၊ မိုရီ(အန်တက်ချီ)၊ ချီပါဖီးလ် (ဘာဆယ်)၊ ဒေးဗစ်ကာမေး(အင်ချီဒီ)၊ ဝေ့ရှိုင်း(ဒီနာမို)၊ မီလီဂန် (ဂျေအီးအက်ဖ်)၊ ဘောချန်(အယ်ဂျာဇီရာ)

အလယ်တန်း - တင်ကာဟေးလ်(အဲဗာတန်)၊ ဘရက်စီယာနို(ပါလာမို)၊ ဂရီလာ(ဘလက်ဘန်း)၊ အီမာတန်(ဘလက်ဘန်း)၊ ကူလီနာ(ဂိုးလ်ကော့စ်)၊ ဟိုလ်မင် (အယ်လ်ခမာ)၊ ဗာလီရီ(ဆော်ပေါလို)၊ ဂျေဒီနက်(အင်တာယာစပေါ့)၊ ဂါရီယာ(ဟူးလ်စီးတီး)၊ ဗီဒိုဆစ်(နူရင်ဘတ်)

ရှေ့တန်း - ကင်နီဒီ(နာဂိုယာ)၊ ရူကတ်စ်ဟာ(တီဝမ်တီ)၊ ကီးဝဲလ်(ဂါလာတာစာရေး)တို့ ဖြစ်ကြသည်။

ဂါနာအသင်း

ဂိုး - ရစ်ချတ်ဒ်(ဝီဂန်)၊ ဒင်နီယယ်(လီဘာတီ)၊ စတီဖန်(လိုင်ယွန်)

နောက်တန်း - အင်ကွန်း(ဘက်စ်လီ)၊ ဆာပီ(ဘေယာလေဗာကူဆင်)၊ လီအက်ဒီ(ဘီချမ်)၊ မင်ဆက်(ဆန်းဒါးလန်း)၊ ရာဟင်(ဇာမာလက်)၊ ဗိုဆက်(ဟိုဖန်ဟင်း)၊ ဂွန်ပက်စီ(ဖူလ်ဟမ်)၊ ဂျိုနသန်မင်ဆာ့ဂျ် (ဂရင်နာဒါ)

အလယ်တန်း - ဒီဒီအေယော(အဲလက်)၊ အက်ဆာမို(အူဒီးနိစ်)၊ အက်ပက်(ဘိုလော့ဂ်နာ)၊ အင်နန်(ရိုဆင်ဘော့)၊ မွန်တေရီ(အင်တာမီလန်)၊ အက်ဘောယီ (အယ်ဆဒ်)၊ ဘိုရာတန်(ဂီတာဖေး)၊ ကီဗင်ပရင့်စ်(ပို့စ်မောက်)

ရှေ့တန်း - တာဂို(ဟိုဖန်ဟင်း)၊ အက်ဆာမို(ရင်းနက်စ်)၊ အက်ဒီယာ(အေစီမီလန်)၊ မက်သရူး(အင်အေစီ)တို့ ဖြစ်ကြသည်။

ဂျာမနီအသင်း

ဂိုး - ဂျော့ဘတ်(ဘိုင်ယန်မြူးနစ်)၊ နူရာ(ရှော်လ်ကေး)၊ တင်ဝီစီ (ဝါဒါဘရီမင်)

နောက်တန်း - ဒင်းနစ်အော်ဂို(ဟန်ဘူဂါ)၊ ဘတ်စတူဘာ(ဘိုင်ယန်မြူးနစ်)၊ ဖရီဒရစ်(ဟာသာဘာလင်)၊ ဂျေရိုမီ(ဟန်ဘူဂါ)၊ ဂျန်ဆင်(ဟန်ဘူဂါ)၊ ဖီးလစ်လမ်း(ဘိုင်ယန်မြူးနစ်)၊ မာတီဆာကာ(ဝါဒါဘရီမင်)၊ တာဆစ်(စတုဂတ်)

အလယ်တန်း - ကီဒီရာ(စတုဂတ်)၊ တိုနီခရော့စ်(ဘေယာလေဗာကူဆင်)၊ မာကိုမာရင်(ဝါဒါဘရီမင်)၊ အောဇီ(ဝါဒါဘရီမင်)၊ ရှဝိန်းစတိန်ဂါ(ဘိုင်ယန်မြူးနစ်)၊ တိုချောစကီ(ဟမ်ဘူရာဂါ)

ရှေ့တန်း - ကာကူး(စတုဂတ်)၊ ဂိုမက်ဇ်(ဘိုင်ယန်မြူးနစ်)၊ စတီဖန်ကက်လင်း (ဘေယာလေဗာကူဆင်)၊ ကလိုဆေး(ဘိုင်ယန်မြူးနစ်)၊ မူလာ (ဘိုင်ယန်မြူးနစ်)နှင့် ပိုဒေါစကီး(ကိုလုန်း)တို့ ဖြစ်ကြသည်။

ဆာဘီးယားအသင်း

ဂိုး - စတိုလိုဗစ်(ဝီဂန်)၊ ဘီရာကစ်(ဗိုဂျေဗိုဒီနာ)၊ အီဆာလိုဗစ်(ဘဲလ်ဂရိတ်)

နောက်တန်း - အီဗာနိုဗစ်(ချယ်လ်ဆီး)၊ အန်တိုနီယို(မြူးနစ် ၁၈၆၀)၊ ဗီဒစ်(မန်ယူ)၊ စူဘိုတစ်(ဒေါ့မွန်)၊ လူကိုဗစ်(အူဒီနီးစ်)၊ အိုဘရာဒိုဗစ်(ဆာရာဂိုဆာ)၊ ကိုလာရော့ဗ်(လာဇီယို)၊

အလယ်တန်း - စတန်ကိုဗစ်(အင်တာမီလန်)၊ မီလီဂျက်စ်(ဝုဗ်)၊ ကရာဆစ်(စီအက်စ်ကေအေ)၊ ဂျီဗန်နိုဗစ်(ဆန်းဒါးလန်း)၊ နစ်ကိုဗစ်(ဒိုင်နမိုကိဗ်)၊ ကူမန်နိုဗစ်(စတုဂတ်)၊ ဇိုရန့်တိုဇစ်(ကိုလုန်း)၊ ဂိုဂျေကိုကာက (ဟာသာဘာလင်)၊ ပီထရိုဗစ်(ပါတီဇန်)

ရှေ့တန်း - ဇီဂစ်(ဗလင်စီယာ)၊ ပင်တီလစ်(အေဂျက်စ်)၊ လာဇိုဗစ်(ဇင်းနစ်)၊ မာဒီဂျာ(ဗိုဂျေဗိုဒီနာ)တို့ ဖြစ်ကြသည်။ ။

ကိုးကား-အင်တာနက်

မရမ်းကုန်းမြို့နယ်ရဲတပ်ဖွဲ့ ပညာသင်ထောက်ပံ့ပစ္စည်းများပေးအပ်

ရန်ကုန် ဇွန် ၆

မရမ်းကုန်းမြို့နယ် ရဲတပ်ဖွဲ့ဝင်များ၏ သားသမီးများအား ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲကို ယနေ့နံနက် ၁၀နာရီတွင် မရမ်းကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်ဝင်း၊ တပ်ဖွဲ့ဝင်မိသားစုများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ထောက်ပံ့ပေးအပ်

အစီအစဉ်အရ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ရဲစခန်းများမှ ကျောင်းသား ကျောင်းသူ ၁၀၀အတွက် ငွေကျပ် ၄၉၅၀၀၀ တန်ဖိုးရှိ စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်သည်။ **(အပေါ်ပုံ)**

(မြို့နယ်ရဲတပ်ဖွဲ့)

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မြို့နှင့် နှစ်မိုင်ခန့်ကွာဝေးသည့် နမ့်ဖလောက်ရေကာတာအတွင်း ရေသိုလှောင်ထားရှိမှုကို မေ ၁၄ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးကျော်သူနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပမည်

ရန်ကုန် ဇွန် ၆

ဇွန် ၂၆ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနား ကျင်းပရေး အစည်းအဝေးကို အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မေ၂၈ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေက မြို့နယ်မှ ပံ့ပိုးကူညီမည့် အစီအစဉ်များနှင့် အခမ်းအနားကျင်းပရေး ပြောကြားသည်။

ပြောကြား

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ကြီးတင့်လွင်(ငြိမ်း)၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ကိုလတ်တို့က ပြိုင်ပွဲများ ကျင်းပပေးမည့် အစီအစဉ်များကို ပြောကြားသည်။

ရှင်းလင်း

ဆက်လက်၍ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးယဉ်ကျော်(ဒါရိုက်တာမောင်ယဉ်ကျော်)၊ဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်း(သတင်းထောက် စဉ့်ကူစိုးဝင်း) တို့က မြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ပဉ္စမတန်းနှင့် ဆဋ္ဌမတန်းအဆင့်၊ သတ္တမတန်းနှင့် အဋ္ဌမတန်းအဆင့်၊ နဝမတန်းနှင့် တက္ကသိုလ်ဝင်တန်းအဆင့်တို့ကို ဇွန် ၁၁ရက် အလက (၁၀)ကျောင်းခန်းမတွင် နံနက် ၉နာရီမှစ၍ စာစီစာကုံးပြိုင်ပွဲ၊ အသက် ကိုးနှစ်မှ ၂၅နှစ် အထိ မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ကျပန်းစကားပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ (၁၂၇)

ဆောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးရေးအတွက် စိမ့်စမ်းရေရယူထားသည့် ဆောချောင်းဖျားသို့ ရေတင်ပိုက်လိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းမိုးထိုက် ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဟန်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်သူနိုင်တို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

(၃၅)နှစ်မြောက် မင်္ဂလာဆုတောင်း

ချစ်ဖေဖေ **ဦးဟန်ငွေး**နှင့် ချစ်မေမေ **ဒေါ်ခင်ချို** (အောင်ရတနာဆီစက်နှင့် ရောင်းဝယ်ရေး)တို့၏ ၇-၆-၂၀၁၀ရက်တွင် ပြည့်သော မင်္ဂလာနှစ်ပတ်လည်မှသည် ရွှေရတု၊ ပတ္တမြားရတု၊ စိန်ရတုမှသည် ရတုအဆက်ဆက်တိုင် နှစ်ပေါင်းမြောက်မြားစွာ ချစ်သော မိသားစုနှင့်အတူ သက်ထက်ဆုံးတိုင် စိတ္တသုခ၊ ကာယသုခဖြင့် ပြည့်စုံနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလျက် —

သား - ကိုဝဏ္ဏ-မဇင်သီယာဦး (ခရေဖြူဗီဒီယိုထုတ်လုပ်ရေး)
သမီး - ကိုဖြိုးဝေထွန်း-မစောသန္တာမွန် (ကောင်းထက်- စားသုံးဆီရောင်းဝယ်ရေး)
သမီး - မခင်လပြည့်ဝန်း (ခေတ္တ UK)
သား - မောင်အောင်ဖြိုးဝေ
မြေးဦး - မခင်ယွန်းစံ။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် စိုင်းလင်းစိုး၏ သ/၉၀၂၀ နှင့် ၉က/၃၁၈၂ ကား Owner book နှင့် အရေးကြီးသော စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀-၉၁၇၂၄၊ ၀၉-၅၀-၉၉၁၈၀၊ ၀၁-၇၂၅၁၃၀။



ဦးမင်းမြင့်ဇော် ၁၂/ပဇတ(နိုင်)၀၀၁၂၀၈ (ဘ)ဦးသောင်းမြင့်နှင့် အများသိစေရန်

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်၊ ဦးဝိဇ္ဇာလမ်း၊ အမှတ် ၇နေ ဒေါ်ခင်ဒါလီဟန်၏ လွှဲအပ်ညွှန်ကြားချက်အရ ကြော်ငြာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေနှင့် ဦးမင်းမြင့်ဇော်တို့သည် ၁၆-၅-၁၉၉၆ ရက်တွင် ရန်ကုန်အရှေ့ပိုင်း ခရိုင်တရားရုံး၌ တရားဝင်ထိမ်းမြားလက်ထပ်ခဲ့ပြီး သမီးတစ်ဦးထွန်းကားခဲ့ရာ အိမ်ထောင်သက်မှာ ၁၄ နှစ်ကျော်ရှိခဲ့ပါသည်။

၁၇-၂-၂၀၁၀ ရက်တွင် ခင်ပွန်းဖြစ်သူ ဦးမင်းမြင့်ဇော်သည် နေအိမ်မှဆင်းသွားခဲ့သည်မှာ ယနေ့တိုင်ပြန်မလာသဖြင့် ယခုဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ဇနီးဖြစ်သူထံ ပြန်လာရန်နှင့် ခင်ပွန်းဖြစ်သူအား သွေးဆောင်ဖြားယောင်းလက်ခံထားပါက တည်ဆဲဥပဒေများအရ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်ဒါလီဟန်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သီတာငွေး(LL.B) စဉ်-၂၀၅၃၀
ဒေါ်နှင်းနုထွေး(LL.B) စဉ်-၂၄၁၅၀
(အထက်တန်းရှေ့နေများ)
ဒေါ်နီနီစိုး B.A(Law), LL.B, B.D.S, E.D.S, ESB(India), WIPO (Switzerland)
စဉ်-၂၃၆၆
တရားရုံးချုပ်ရှေ့နေ
အမှတ် ၁၁၈၊ ပထမထပ်၊ ၃၃ လမ်း၊ (၁)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၅၁-၉၀၈၇၄။

သေးတဲ့ငါးကို ကြီးစေလို ငါးရစ်ဆို မဖမ်းနဲ့

အမည်ပြောင်း

အဖဦးဝင်းနိုင်၏သမီး ပန်းတနော်မြို့ အထက အင်္ဂမတန်း (က)မှ မပိုပို အား မရွှန်းလဲ့ပိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မရွှန်းလဲ့ပိုင်။

ဖခင်အမည်မှန်

အင်းစိန်မြို့၊ အထက (၁)၊ တက္ကသိုလ်ဝင်တန်း (E)မှ မဝင်းလဲ့ရည်မွန်၏ ဖခင်အမည်မှန်မှာဦးခင်ဇော်မြင့် ဖြစ်ပါသည်။ **ဦးခင်ဇော်မြင့်**
ISN-၅၇၄၅၈၄
၁၂/အစန(နိုင်) ၀၃၆၃၅၇။

မြဝတီမြို့နယ်အမှတ်(၅)ရပ်ကွက် အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေး ကောင်စီရုံးတွင် နိုင်ငံသားစိစစ်ရေး ကတ်ပြားပေးအပ်ခြင်းအခမ်းအနား ကို မေ ၂၂ရက်က ကျင်းပရာ ကရင် ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူး ညွှန်ကြား ရေးမှူး ဦးသောင်းဇော်က နိုင်ငံ သား စိစစ်ရေးကတ်ပြား ၁၅၈ခုကို ရပ်ကွက်ပြည်သူများလက်ဝယ်သို့ ပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

မြန်မာ့အလင်း စာတည်းထံပေးစာများ

အမှိုက်များကြား အနံ့ဆိုးကြောင့် ကျန်းမာရေးထိခိုက်

စာတည်းရှင့်-

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်းတောင်ရပ်ကွက် ဈေးလမ်းအမှတ်(၁၃) နှင့် (၁၉)ကြား အိမ်နောက်ဖေးတွင် အမှိုက်များ သုံးပေထက်မက မြင့်တက်နေခြင်းကြောင့် မိလ္လာကန်များ ပိတ်ဆို့နေသည်မှာကြာပြီဖြစ်၍ အမှိုက်များကြားမှ အိမ်သာရေများ အပြင်သို့ လျှံထွက်လျက် မစီးဆင်းနိုင်ဘဲ အနံ့ဆိုးများ ထွက်ပေါ်လျက်ရှိပါသဖြင့် ကျန်းမာရေး ထိခိုက်နိုင်ပါ၍ အမှိုက်များကို သက်ဆိုင်ရာမှရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သူ

အင်ဂျင်စက်သံဆူညံမှုနှင့် မီးဘေးအန္တရာယ်စိုးရိမ်ရ

စာတည်းခင်ဗျား-

ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၈)ရပ်ကွက် ဗိုလ်ဇော်ဂျီလမ်းထိပ် အမှတ်(၂) ဈေးအနီးရှိ အိမ်တစ်အိမ်တွင် မီးသွေးလောင်စာတောင့် လုပ်ငန်းကြောင့် ပတ်ဝန်းကျင်တွင် လေထုညစ်ညမ်းမှုနှင့် အင်ဂျင်စက်သံ နေ့စဉ် ဆူညံမှုကြောင့် မီးဘေးအန္တရာယ် စိုးရိမ်ရပါ၍ သက်ဆိုင် ရာမှ လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ဗိုလ်ဇော်ဂျီလမ်းသား

၂/ဈေးလမ်း ပျံကျဈေးသည်ကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း သာကေတမြို့နယ် (၃)ရန်ပြေရပ်ကွက် ၂/ဈေးလမ်းအတွင်းတွင် ပျံကျဈေးသည်များ၏ စည်းကမ်းမဲ့ရောင်းချမှုကြောင့် နေ့စဉ် လမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်ပြီး စွန့်ပစ်သောအမှိုက်နှင့်အညစ်အကြေးများကြောင့် လမ်းနေပြည်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလိုဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ဈေးလမ်းသူ/ဈေးလမ်းသား

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးစေလို

စာတည်းခင်ဗျား-

မြောက်ဥက္ကလာပမြို့နယ် (၄)တိုးချဲ့ရပ်ကွက် သစ္စာပန်း လမ်းမကြီးနှင့် ခရေလမ်းထိပ်ရှိ အဓိကရေထွက်ပေါက် (ရေနုတ်မြောင်းကြီး)သည် ရေစီးဆင်းမှုမရှိဘဲ နွေရာသီ၌ ရေတစ်ပေခွဲခန့်ရေဝပ်ပြီး မိုးရာသီ၌ အိမ်အောက်တွင် ရေနှစ်ပေခန့် မြင့်တက်မှုကြောင့် မွေ့ဆိုးအန္တရာယ်နှင့် ကျန်းမာရေးအတွက် စိုးရိမ်ရပါသဖြင့် ၄င်းရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဆောင်ရွက်ပေးပါ ရန် တင်ပြအပ်ပါသည်။

လမ်းသူလမ်းသားများ

ကျူးကျော်လက်ဖက်ရည်ဆိုင် ဆူညံသံကြောင့် နားမခံနိုင်

စာတည်းရှင့်-

တော်ဝင်အိမ်ရာ (၄၁)တိုးချဲ့ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်မှ ကျူးကျော် လက်ဖက်ရည်ဆိုင်တစ်ဆိုင်သည် နံနက် ၅နာရီမှ ည ၁၀နာရီအထိ အသံချဲ့စက်ဖြင့် နားမခံသာအောင် ဆူညံစွာ ဖွင့်ခြင်း၊ အခကြေးငွေယူ၍ ဘောလုံးပွဲများ အချိန်မတော်ဖွင့်လှစ်ပြသခြင်း၊ ဘောလုံးပွဲ လောင်းကစားဒိုင်များနှင့် ဘောလုံးပွဲ လောင်းကစားသူများ၏ အော်ဟစ်ဆူညံစွာ ငြင်းခုန်ကြခြင်းတို့ကြောင့် ပတ်ဝန်းကျင် နေထိုင်သူများ အိပ်စက်မရခြင်း၊ လက်ဖက်ရည်ဆိုင်မှ အကြော်နံ့များ၊ မီးခိုးများကို နေ့စဉ်ရှူရှိုက်နေရခြင်းတို့ကြောင့် ကျန်းမာရေးထိခိုက်နိုင်ပါ၍ သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

နားမခံနိုင်သူ

အမှုန့်ကြိတ်စက်ကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ပန်းဘဲတန်းမြို့နယ် အမှတ် ၂၉၆/၂၉၈ မြေညီထပ်(ဝဲ) ကုန်ဈေးတန်းလမ်းတို (အထက်) အမှတ်(၂)ရပ်ကွက် ကာလီယမ္မာန်မယ်တော်ကြီးကျောင်းဝန်းကျင်၌ မဆလာနှင့် အမှုန့်ကြိတ်စက်ကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်ကြသူများ အနံ့ဆိုးများ ရှူရှိုက်နေရ၍ ကျန်းမာရေးထိခိုက်စေပါသဖြင့် အမှုန့်ကြိတ်စက်ကို လိုအပ်သလို ဆောင်ရွက်ပေးပါရန် သက်ဆိုင်ရာသို့ တင်ပြအပ်ပါသည်။

ကျန်းမာလိုသူ

အန္တရာယ်ရှိသော အဆောက်အအုံ ဖျက်သိမ်းပေးစေလို

စာတည်းခင်ဗျား-

ပြည်ဦးလွင်မြို့ ရပ်ကွက်ကြီး(၆) ဇဟို လမ်းတွင်ရှိသော အိမ်တစ်အိမ်သည် နှစ်ရာချီ၍ ဟောင်းနွမ်းနေသော ပျဉ်ထောင် နှစ်ထပ်အိမ်ဖြစ်ပြီး ပြိုကျယိုင်လဲမည့် အန္တရာယ်ဖြစ်ပေါ်နေခြင်းကြောင့် ပတ်ဝန်းကျင်ရှိ နေအိမ်များအတွက် နေ့စဉ် စိုးရိမ်ပူပန်နေရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြပါသည်။

စိုးရိမ်ပူပန်သူများ

ကျူးကျော်ဆိုင်များ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

မန္တလေးမြို့ ၇၉လမ်း၊ ၂၉လမ်း x လမ်း ၃၀ကြား ဘူတာကြီးအနောက်ဘက်ကုန်း ယာဉ်ဆင်းလမ်းနှင့် အလက(၇)အနီးတွင်ရှိသော ဈေးဆိုင်များသည် လူသွားလမ်းပေါ်တွင် အမိုးအကာများကို အခိုင်အခံ့ပြုလုပ်ကာ ဆိုင်များခင်းကျင်းရောင်းချခြင်းကြောင့် ဘူတာဆင်း ခရီးသွား ခရီးလာများ၊ ကျောင်းသား ကျောင်းသူများနှင့် အစဉ်ရှုပ်ထွေးနေ၍ လမ်းသွား လမ်းလာများအတွက် ယာဉ်အန္တရာယ်အလွန်များလှသဖြင့် အဆိုပါကျူးကျော်ဆိုင်များကို သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

တာဝန်သိပြည်သူ

ညလုံးပေါက် လက်ဖက်ရည်ဆိုင် ဆူညံသံများကြောင့် အိပ်ရေးပျက်ရ

စာတည်းခင်ဗျား-

ထားဝယ်မြို့ ခုံဝင်းဒပ်ရပ်ကွက် ဈေးတောင်ဘက်လမ်းမပေါ်ရှိ မြို့နယ် ဆောက်လုပ်ရေးရုံး ဝန်းကျင်တွင် ညလုံးပေါက် ဖွင့်လှစ်ရောင်းချသော လက်ဖက်ရည်ဆိုင်မှ အသျော်နံ့များနှင့် ဆူညံစွာပြောဆိုသံများ ကြောင့် အနီးပတ်ဝန်းကျင်ရှိသူများ နေ့စဉ် ညနေ ၆နာရီမှ နံနက် ၃နာရီခန့်အထိ ခံစားနေရခြင်းအပြင် အိပ်ရေးပျက်ခြင်းကို နေ့စဉ်ခံစားနေရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အိပ်ရေးပျက်သူများ

လောင်စာဆီကြောင့် မီးဘေးအန္တရာယ်စိုးရိမ်ရမှု ဆောင်ရွက်ပြီးစီး

၁၈-၁-၂၀၁၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ကောလင်းမြို့ပေါ် ရပ်ကွက်၊ လမ်းမကြီးနှင့်လမ်းသွယ်များတွင် တရားမဝင် လောင်စာဆီ သိုလှောင် ရောင်းချနေပါသဖြင့် ပွင့်လင်းရာသီတွင် မီးဘေးအန္တရာယ်စိုးရိမ်ရ** ပေးစာနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့

မီးသွေးကားကြောင့် ကျန်းမာရေးထိခိုက်မှု ဆောင်ရွက်ပြီးစီး

၂၁-၁၂-၂၀၀၉ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မုံရွာမြို့ ရန်ကင်း ရပ်ကွက် ငြိမ်းချမ်းရေးနယ်မြေ အောင်သစ္စာလမ်းရှိ မီးသွေးပွဲရုံမှ မီးသွေးမှုန်များ ပျံ့နှံ့နေပြီး မီးသွေးကားများအဝင်အထွက်နှင့် မီးသွေးချသံများကြောင့် ပတ်ဝန်း ကျင်နေသူများ ညစဉ်အိပ်ရေးပျက်၍ ကျန်းမာရေးထိခိုက်ရ** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

သစ်စက်ကြီးသုံးလုံးကြောင့်အနှောင့်အယှက်ဖြစ်ရမှု ဆောင်ရွက်ပြီးစီး

၂၄-၅-၂၀၁၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မန္တလေးမြို့ မဟာ အောင်မြေမြို့နယ် သန်လျက်မှော်အနောက် အကွက်(၃၈၉) နေပူရွာရပ်ကွက်တွင် လူနေအိမ်များကြား၌ ပုဂ္ဂလိကသစ်စက်ကြီးသုံးလုံးမှထွက်သော မြေတုန်ခါမှုနှင့် မီးခိုးအနံ့ဆိုးများ ရှူရှိုက်နေရ၍ ရပ်ကွက်နေပြည်သူများ အနှောင့်အယှက်ဖြစ်ရ** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်သစ်တောဦးစီးဌာန

အမက(၈)ကျောင်းလမ်း ပြုပြင်ပေးစေလို

စာတည်းခင်ဗျား-

သဃ်န်းကျွန်းမြို့နယ် ဇဝနရပ်ကွက်ရှိ အမက(၈)သို့သွားသည့် ကျောင်းလမ်းသည် လွန်ခဲ့သည့် ၁၀နှစ်ကျော်ခန့်ကတည်းက ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ထား သော်လည်း မိုးတွင်းအခါ၌ ကျောင်းသား ကျောင်းသူများ သွားလာ၍မရအောင် နှစ်စဉ်ရေဝပ်ပြီး လမ်းပျက်စီးလျက် ရှိပါ၍ ကျောင်းသား ကျောင်းသူနှင့် ရပ်ကွက်ပြည်သူများ သွားလာရေး လွယ်ကူစေရန် အဆိုပါလမ်းကို အဆင့်မြှင့်တင် ပြုပြင်ဆောင်ရွက်ပေးပါရန် သက်ဆိုင်ရာသို့ တင်ပြအပ်ပါသည်။

ဇဝနရပ်ကွက်သား

စက်ဘီး၊ ဆိုင်ကယ်နှင့် ထော်လာဂျီပြင်ဆိုင်များ လမ်းမပေါ် ပိတ်ဆို့ပြင်၍ ယာဉ်တိုက်မှုများဖြစ်ပွား

စာတည်းခင်ဗျား-

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် အထက(၂) စာသင်ကျောင်းလမ်းဆုံ လမ်းကွေ့၌ စက်ဘီးပြင်ဆိုင်၊ ဆိုင်ကယ်ပြင်ဆိုင်နှင့် ထော်လာဂျီပြင်ဆိုင်များသည် လမ်းပေါ်တက်၍ ပြုပြင်နေ၍ လမ်းမကြီးပိတ်ဆို့ပြီး ယာဉ်တိုက်မှုများ မကြာခဏ ဖြစ်ပွားနေပါသဖြင့် ကျောင်းဖွင့်ချိန်များ၌ ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးအတွက် လမ်းပေါ်တက်၍ စက်ဘီးပြင်ဆိုင်၊ ဆိုင်ကယ်ပြင်ဆိုင်နှင့် ထော်လာဂျီပြင်ဆိုင်များကို ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ယာဉ်အန္တရာယ်ကင်းရှင်းစေလိုသူ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မြစ်ကြီးနားမြို့ အဝေးပြေးကားဂိတ်ဝင်းအတွင်း ပြည်နယ်ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ မြို့နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီနှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး ယာဉ်ကြပ်ခိုင်ရေးနှင့် ယာဉ်မတော်တဆမှု မဖြစ်ပွားစေရေး ကွင်းဆင်းကြပ်မတ်စစ်ဆေးစဉ်။

သွေးချင်းတို့မြေ သွားလာရေးအဆင်ပြေစေဖို့ ကြိုးပမ်းဆောင်ရွက်နေသော မြစ်ကြီးနားမြို့နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(မထသ)

သတင်းခရီးသည်နှင့် ဓာတ်ပုံမှတ်တမ်း ➤ သတင်းထောက်စဥ့်ကူစိုးဝင်း၊ စာမျက်နှာဖွဲ့စည်းမှု ➤ လှဲ့လှဲ့ဝင်း(မြန်မာ့အလင်း)

မြစ်ကြီးနား ဇွန် ၆

အေးချမ်းလှသည့် ကချင်ပြည်နယ်။ ကချင်ပြည်နယ်၏မြို့တော် မြစ်ကြီးနား····။ သတင်းခရီးတစ်ထောက်အဖြစ် ရောက်ရှိခဲ့ပြန်လေပြီ။

ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများသွားလာရေးအတွက် အဆင်ပြေစွာ မော်တော်ယာဉ်ခရီးစဉ်များကို ဆောင်ရွက်ပေးနေသည့် မြို့နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီအကြောင်းရေးသားနိုင်ရန် မြစ်ကြီးနားမြို့ အဝေးပြေးကားဂိတ်အတွင်းရှိ မြို့နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီရုံးသို့ ဦးစွာရောက်ခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ ❍

မြန်မာ့အလင်း ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား

လမ်းလျှောက်သောငါး

ကိုသစ္စာ-ရေးသားသည်



ဩစတြေးလျနိုင်ငံတောင်ပိုင်းနှင့် အရှေ့ပိုင်းကမ်းလွန် ရေပြင်တွင် တွေ့ရှိရသော ငါးမျိုးစိတ် တစ်မျိုးမှာ ရေအောက် ကြမ်းပြင်တွင် လမ်းလျှောက်သွားလေ့ရှိကြောင်း အဏ္ဏဝါဗေဒသုတေသန ပညာရှင်များက ပြောကြားသည်။

ပါရှိ

''လမ်းလျှောက်သူ'' ဟု အမည်ပေးထားသော ယင်းငါးတွင် လက်ချောင်းလေးများသဏ္ဌာန်ပါရှိသည့် ရှေ့လက်နှစ်ဖက်နှင့် ခြေချောင်းလေးများပါရှိသည့် ခြေနှစ်ဖက်ပါရှိကာ ပင်လယ်ကြမ်းပြင်၌ တွားသွားသတ္တဝါတစ်ကောင်အလား သွားလာနိုင်ကြောင်း တွေ့ရသည်။

အရောင်အဆင်း

ငါး၏ခန္ဓာကိုယ်တွင် အဖြူနှင့်အနက် အစက်အပြောက်များပါရှိကာ အချို့နေရာများ၌ အနီရောင်အစက်အပြောက်များပါရှိသည်။ ရေအောက်ကြမ်းပြင်တွင် လမ်းလျှောက်သွားလာနိုင်သကဲ့သို့ ငါးသဘာဝအတိုင်း ကူးခပ်၍လည်း သွားလာနိုင်ကြောင်း သိရသည်။ (အင်တာနက်)

မှတ်သားဖွယ်ရာ မိုးရေချိန် ၆-၆-၂၀၁၀

နေပြည်တော်ပျဉ်းမနား	၁၃သမ ဝ၆လက်မ
လားရှိုးမြို့	၁၃သမ ၃၀လက်မ
သထုံမြို့	၁၃သမ ၆၅လက်မ
ဖန်းမော်မြို့	၂၃သမ ၁၂လက်မ
မြင်းခြံမြို့	၂၃သမ ၂၅လက်မ
တောင်ငူမြို့	၃၃သမ ၃၉လက်မ